"Although the Norwegian state is the majority shareholder in Telenor, Norwegian company law places the responsibility for assessments and decisions relating to the company's investments in Myanmar with its board of directors and corporate management, and not the owners."

Some critics have warned the Norwegian government that pushing ahead with the sale is tantamount to giving in to a "hostage" situation.

Norwegian judge Hanne Sophie Greve said that the travel ban needed to be dealt with at a state level.

"If it is correct that a Norwegian and an Indian citizen have been taken hostage, that is a most serious issue that it is for the Norwegian government and for the Indian government to address," she told Myanmar Now. "It is totally unacceptable for international business to be conducted in a way that you take a few hostages, and you get what you want."

Joseph Wilde-Ramsing, a Senior Researcher at the Centre for Research on Multinational Corporations (SOMO), said the travel ban should be dealt with by the Norwegian government separately from the sale of the Telenor Myanmar unit.

“This is a diplomatic issue that needs to be handled at the highest levels of the Norwegian government and not something that Telenor should be playing with in the sale, using the lives and rights of 18 million Myanmar citizens as a bargaining chip,” he explained, referencing the number of Telenor Myanmar subscribers who stand to have their personal data compromised by the sale of the operation to a military-linked entity.

Chris Sidoti, a member of the Special Advisory Council on Myanmar, said that the ban required a tough approach from the Norwegian government and warned Telenor against factoring it into the sale.

“International best practice when terrorists hold hostages is to not negotiate with the terrorists. We have a direct contrast in relation to Myanmar in which the US took a tough line with the military and Danny Fenster was released,” he said, referring to the American journalist imprisoned by the junta for six months.

“Australia has been sycophantic and weak and Sean Turnell is still in prison,” he added. Turnell, an Australian national and economic advisor to the ousted National League for Democracy government, was arrested following the February coup last year and remains in junta custody.

“The only way to deal with the military is to stand up to these bully boys. If Telenor is using this as a reason to sell, it just encourages the generals to take hostages,” Sidoti told Myanmar Now.

In June 2021, junta telecom regulator PTD, issued a directive requiring that telecommunications executives apply for permission to exit Myanmar pending the activation of a lawful intercept—enabling the junta to monitor the content of subscribers’ communications—which applied to all mobile operators. A copy of the directive was seen by Myanmar Now.

Telenor Group CEO Sigve Brekke told DN that Telenor Group may have been able to avoid activation of the lawful intercept because of the ongoing sales process.

“A Norwegian company cannot activate this type of monitoring equipment in Myanmar. And we do not want to contribute to human rights violations. So far we have not done that. That is also why we must leave the country as soon as possible to prevent us from being forced to follow orders that could eventually lead to serious breaches,” Brekke said.

However, after the sale, Telenor Myanmar’s new buyers are expected to comply with the order to activate lawful intercept technology, giving the junta the ability to monitor conversations on the Telenor Myanmar network.

Critics have argued that the transfer of personal data through the sale will amount to a serious breach of human rights, and can be used by the junta to track down dissidents.

Earlier this month, a Myanmar citizen filed a complaint at the Norwegian Data Protection Authority seeking to prevent Telenor Group's planned transfer of personal data. The complaint is pending.

For Norwegian judge Hanne Sophe Greve, the travel ban illustrates the danger of Telenor continuing with the sale and handing over the personal data of its millions of Myanmar users.

"The alleged situation really confirms that what's at stake is that the military junta wants the data that comes with the sale. Otherwise why would they take hostages?"

https://www.myanmar-now.org/en/news/norwegian-govt-called-on-to-intervene-as-junta-stops-telenor-execs-from-leaving-myanmar

---------------------------------------------------------------------------------------------

**EU should enforce new sanctions on Myanmar junta, says NGO**

By Mizzima | 25 February 2022

Human Rights Watch (HRW) have issued a statement calling on the European union (EU) to swiftly enforce new sanctions targeting Myanmar's junta and its state-owned oil company, Myanmar Oil and Gas Enterprise (MOGE).

They also said that The EU should ensure that the withdrawals of EU companies complying with sanctions do not benefit the junta and that similar measures should be quickly adopted by the United States, United Kingdom, Norway, Japan, Thailand, South Korea, Australia, and other countries.

This follows the EU's 21 February imposition of new sanctions on junta officials, junta-linked "cronies," and junta-controlled businesses including MOGE, which partners with international energy companies in the oil and gas sector.

According to HRW, the new sanctions will require several energy companies to terminate their operations in Myanmar, a significant impact since natural gas earnings are the Myanmar junta's single largest source of foreign currency revenue. However, ambiguous provisions raise concerns that companies might transfer their stakes to MOGE or to other companies not subject to sanctions.

"If energy companies leaving Myanmar end up transferring their ownership shares or revenues to MOGE's benefit, this will only further enrich and entrench the abusive and brutal junta," said John Sifton, Asia advocacy director at Human Rights Watch. "The sanctions are meant to pressure the junta, not to allow Total Energies, Chevron, and others to bolster military rule."

Since the military coup on 1 February 2021, the junta's crackdown on opposition has seen mass killings, torture, sexual violence, arbitrary arrests, and other widespread and systematic abuses amounting to crimes against humanity. Continuing military attacks in the country's ethnic areas have resulted in numerous war crimes.

Companies' responsible exits from Myanmar should include placing companies' existing shares or property rights into trust or escrow to ensure the revenues from those shares do not benefit the military. This includes shares of existing exploration or development projects or production or pipeline transportation ventures, Human Rights Watch said.

This is consistent with their responsibilities under the United Nations Guiding Principles on Business and Human Rights, whose commentary states that factors to consider in determining "appropriate action[s]" in cases in which business activities are enabling rights abuses include consideration of "whether terminating the relationship with the entity itself would have adverse human rights consequences."

Total Energies, Chevron, and Woodside have each stated recently that they plan to withdraw from Myanmar in the coming months. Total Energies, headquartered in France, and Chevron, in the US, are involved in joint operations with MOGE related to offshore gas production and delivery to Thailand. Australia-based Woodside has exploratory and production rights in several other offshore gas fields. The company ENI, based in Italy, is involved in onshore oil production.

Transferring ownership shares to MOGE or a third party outside of EU jurisdiction would have negative consequences by increasing MOGE's ownership shares and future revenue, strengthening the junta's resources and capacities. Myanmar's military uses its foreign currency revenue primarily for the military's benefit, Human Rights Watch said.

The new EU sanctions appear to prohibit transfers or sales of shares to MOGE, since it is a "sanctioned entity." However, the measures also temporarily authorize "making available" to MOGE "economic resources" when EU authorities determine that doing so is necessary for "the transfer before 31 July 2022 of shares or interests necessary for the termination of contracts" with MOGE. The ambiguous wording, apparently meant to temporarily license incidental transactions companies make while exiting, could be interpreted to authorize transferring shares to MOGE and should be clarified.

EU governments implementing new sanctions applicable to MOGE – in particular, the French and Italian governments since Total Energies and ENI fall under their jurisdiction – should make clear to companies that their ownership shares cannot be transferred or sold to MOGE.

Companies should urge other energy companies remaining in Myanmar, including current joint venture partners, to place future revenue shares to MOGE into trust or escrow accounts as well. Thailand's state-owned PTT and South Korea's POSCO, the two main energy companies remaining in Myanmar, should signal their support for such measures. The largest gas revenue payments to junta-controlled accounts are made via PTT, which purchases approximately 80 percent of Myanmar's exported natural gas.

If exiting companies determine that they must sell or transfer their shares to another business entity, they should ensure that entities receiving such shares will respect international sanctions and follow international standards on business and human rights.

Human Rights Watch has previously urged other companies exiting Myanmar, including the Japanese beverage company Kirin, to ensure that their shares are not transferred to the military or sold or transferred in a way that benefits the junta.

To help prevent other companies or Myanmar authorities from undermining sanctions, other governments should follow the EU's lead and impose similar measures specifying that transfers of ownership to the junta are prohibited, Human Rights Watch said. Additional sanctions would also help ensure that the junta isn't able to evade the new EU sanctions in other jurisdictions.

"The overarching effect of the EU's new sanctions is to restrict the junta's access to MOGE revenues," Sifton said. "Myanmar's military won't improve its rights record until the economic impacts of sanctions become too great to bear."

https://www.mizzima.com/article/eu-should-enforce-new-sanctions-myanmar-junta-says-ngo

---------------------------------------------------------------------------------------------------

## Serbia Sold Arms to Myanmar Junta After Coup

By **THE IRRAWADDY** | 25 February 2022

Serbia has continued to supply arms to the Myanmar military since the coup, despite the fact that those weapons are being used to attack and kill civilians, including children.

Tom Andrews, the United Nations (UN) Special Rapporteur on the situation of human rights in Myanmar, identified Serbia, along with China and Russia, as UN member states that are continuing to sell arms to the junta in a report issued on Tuesday.

On the same day, the independent rights group Myanmar Witness also issued its own report revealing that air-launched rockets were exported by Serbia to Myanmar after the February 1, 2021 coup.

Serbia and the Myanmar military have a close relationship that goes back decades to when Serbia was part of the former Yugoslavia. A Serbian delegation reportedly visited Myanmar in January 2022 to discuss sales of artillery to the junta.

The Myanmar Witness report said that a Belarussian plane carrying some 1,644 80mm aerial rockets from Serbia landed at Yangon Airport at 6.30pm on February 9 last year, eight days after the junta's coup. The rights group also revealed that the rockets were exported officially by Serbian arms manufacturer Jugoimport-SDPR, which was granted an export license by Serbia's Ministry of Trade, Tourism and Communication.

Images from social media appear to show crates of rockets being unloaded from the plane at Yangon Airport on February 10, 2021.

80mm aerial rockets are used by the Myanmar military's Russian-made Yak-130 fighter jets and Mi-24/35 attack helicopters, which have been involved in numerous airstrikes against

civilian targets, especially in Sagaing Region and Kayah, Karen and Chin states, where armed resistance to the junta is strongest.

On Wednesday afternoon two civilians were killed when junta jets bombed villages in Kayah State's Demoso Township.

"Serbia's transfers of these arms likely breach Serbia's Geneva Convention obligations and may also violate Serbia's responsibility under customary international law given the virtual certainty that rockets of the sort Serbia has authorized would be used against civilians and the prominent role that rockets have played in Myanmar's attacks on civilians," said Tom Andrews in the UN report.

Last June, the UN General Assembly adopted a resolution calling on member states to stop the flow of arms to the junta.

However, the UN report identified China and Russia – both permanent members of the UN Security Council – as having supplied fighter jets and armored vehicles to the regime since the coup. Serbia has supplied artillery shells, as well as aerial rockets.

Andrews urged weapons exporting nations to suspend immediately all arms sales to the junta, and called for the UN Security Council to adopt a resolution banning the transfer of arms that the regime is using to attack and kill civilians.

"It should be incontrovertible that weapons used to kill civilians should no longer be transferred to Myanmar. These transfers truly shock the conscience," Andrews said. "Stopping the junta's atrocity crimes begins with blocking their access to weapons. The more the world delays, the more innocent people, including children, will die in Myanmar."

The London-based rights group Burma Campaign UK condemned the Serbian government for its sales of rockets being used to target civilians.

"By supplying arms to the Burmese military, Serbia is complicit in violations of international law," said Anna Roberts, Executive Director of Burma Campaign UK. "The Serbian government knows that the weapons it supplies to the Burmese military are used against civilians, with children and babies being injured and killed."

https://www.irrawaddy.com/news/burma/serbia-sold-arms-to-myanmar-junta-after-coup.html

---------------------------------------------------------------------------------------------------

## Myanmar Regime Backs Russia's Invasion of Ukraine

By **THE IRRAWADDY** | 25 February 2022

As the world condemned Russia's invasion of Ukraine on Friday, Myanmar military junta spokesman Zaw Min Tun took a different view, telling VOA's Burmese Service that Russia was acting to maintain its sovereignty, and praising Moscow's role in balancing global power.

Russian forces on Friday unleashed one of Europe's largest military offensives since World War II with a full-scale invasion of Ukraine.

The regime's support for Moscow is hardly surprising, as Russia is a key supplier of military hardware to the junta, and the two countries have strengthened ties since the military coup in Myanmar in February last year.

Two weeks before the coup, Russian Defense Minister Sergei Shoigu made a two-day visit to Naypyitaw pledging to sell air defense weaponry to Myanmar. It is believed that Myanmar military leaders informed their Russian counterparts of the imminent takeover and sought Russia's support.

Less than two months after the coup, while the international community including most Western nations were condemning the military regime, Russian Deputy Defense Minister Colonel General Alexander Vasilyevich Fomin arrived in Naypyitaw to attend the 76th annual Armed Forces Day on March 27, 2021.

On the same day, the regime, known as the State Administration Council, slaughtered more than 100 people across the country, making it the bloodiest single day since the generals seized power.

Shunned by the West, Myanmar military leaders have forged closer ties with Russia, China, Belarus, Serbia, Ukraine, India and Pakistan.

Coup leader Min Aung Hlaing has exchanged numerous visits with senior Russian military officers, though there has been no face-to-face meeting with Russian President Vladimir Putin. The Myanmar coup leader has reportedly made several requests to meet with Putin.

Since the coup, top-ranking military leaders including General Soe Win, deputy commander of the armed forces; then-Air Force chief General Maung Maung Kyaw (who has since been removed from the post); and General Maung Maung Aye, chief of the general staff, have also visited Russia.

Maung Maung Aye held talks with Russian army officers about acquiring air defense systems. Russia sold Myanmar US$2.3 billion worth of weapons during his trip, according to Russian news agencies.

Myanmar military personnel also study at a number of military schools and training facilities in Russia, including the Omsk Armor Engineering Institute, the Air Force Engineering Academy in Moscow, the Nizhniy Novgorod Command Academy and the Kazan Military Command Academy.

While the junta has made clear its position on Russia's invasion of Ukraine, it is not without links to the latter; Ukraine also supplies weapons to the Myanmar military.

The military purchased from Ukraine an estimated 1,000 BTR-3U armored personnel carriers (APCs) to be assembled in Myanmar. And in 2016-17, Ukrainian arms manufacturers reportedly shipped parts for Mil Mi-2 and Mil Mi-17 helicopters, BTR-3U armored personnel

carriers, a ship engine, and ship propulsion and radar systems through a local arms dealer in Myanmar.

https://www.irrawaddy.com/news/burma/myanmar-regime-backs-russias-invasion-of-ukraine.html

-----------------------------------------------------------------------------------------------

## ငါးပိအိုးရွာကို စစ်တပ်က ဝင်ရောက်ပစ်ခတ်မီးရှို့၊ ၂ ဦး သေဆုံးပြီး အိမ်ခြေ ၁၀၀ ကျော် ပြာကျ

Published By DVB | 25 February, 2022



စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ် အရှေ့ဘက် အိမ်ခြေ ၁၉၀ ဝန်းကျင်ခန့်ရှိတဲ့ ငါးပိအိုးကျေးရွာကို စစ်ကောင်စီ တပ်သားတွေက ဖေဖော်ဝါရီ ၂၄ ရက် ည ၉ နာရီကျော် လက်နက်ကြီးတွေနဲ့ ရမ်းသမ်းပစ်ခတ် ဝင်ရောက်ခဲ့တာကြောင့် ရွာသား ၂ ဦး လက်နက်ကြီးထိမှန် သေဆုံးသွားတယ်လို့ ဒေသခံတစ်ဦးက ဒီဗွီဘီကို ပြောပါတယ်။

စစ်ကောင်စီတပ်ဟာ ဖေဖော်ဝါရီလ ၂၄ ရက် ည ၁၀ နာရီဝန်းကျင်မှာ ရွာကို မီးစတင်ရှို့ခဲ့တာကြောင့် အိမ်ခြေ ၁၀၀ ကျော် မီးလောင်ပြာကျသွားခဲ့ပြီး အိမ်မွေး တိရစ္ဆာန်ဖြစ်တဲ့ နွားနဲ့ ဝက်တွေအများအပြား သေဆုံးသွားတယ်လို့ သိရပါတယ်။

ဒါ့အပြင် ဖေဖော်ဝါရီ ၂၅ ရက် မနက် ၆ နာရီအချိန်ကလည်း ရွှေဘိုမြို့ အနောက်ဘက်ရှိ နမစားရစ်ကျေးရွာကို စစ်ကောင်စီ တပ်သားတွေရောက်လာပြီး မီးရှို့ဖျက်ဆီးခဲ့တာကြောင့် အခုအချိန်ထိ မီးမငြိမ်းသေးဘူးလို့ သိရပါတယ်။

စစ်ကောင်စီတပ်သားတွေဟာ ရွှေဘိုမြို့နယ်ထဲက ကျေးရွာတွေကို ရက်တရက်ဝင်ရောက်ပြီး ပြည်သူတွေကို သတ်ဖြတ်တဲ့အပြင် ကျေးရွာတွေကို မီးရှို့နေတာကြောင့် ဒေသခံတွေ ထွက်ပြေးတိမ်းရှောင်နေကြရပါတယ်။

https://burmese.dvb.no/archives/518965

-----------------------------------------------------------------------------------------------

## စစ်တပ်ဖမ်းသွားတဲ့ အမျိုးသမီး ၃ ဦး မီးရှို့ခံအလောင်းတွေ ကလေးမြို့တောင်ပိုင်းမှာ တွေ့

25 ဖေဖော်ဝါရီ၊ 2022

တိုက်ပွဲတွေဖြစ်နေတဲ့ စစ်ကိုင်းတိုင်း ကလေးမြို့နယ်တောင်ပိုင်းမှာ စစ်တပ်က ဆက်တိုက် နယ်မြေရှင်းနေပြီး ပြည်သူ့ကာကွယ်ရေးအဖွဲ့တွေနဲ့လည်း တိုက်ပွဲတွေဖြစ်နေပါတယ်။ သံဖိုကျေးရွာမှာ ဖေဖော်ဝါရီလ ၂၃ ရက်နေ့က အမျိုးသမီး ၃ ယောက်ကို စစ်ကောင်စီတပ်တွေ ဖမ်းသွားပြီးနောက် မီးလောင်ထားတဲ့သူတို့အလောင်းတွေ ပြန်တွေ့တယ်လို့ ကာကွယ်ရေးအဖွဲ့ဘက် ပြောပါတယ်။ တိုက်ပွဲဖြစ်ပွါးနေတဲ့ဒေသက ထောင်ချီတဲ့ရွာသားတွေလည်း ဘေးလွတ်ရာ ထွက်ပြေးနေကြရပါတယ်။ ဒီအကြောင်း ရန်ကုန်ကနေ ပေးပို့လာတဲ့သတင်းကို ကိုရန်နိုင်က တင်ပြပေးထားပါတယ်။

စစ်ကိုင်းတိုင်း ကလေးမြို့နယ်တောင်ပိုင်းက ချောင်းခွ၊ သံဖို၊ ရန်ကြီးအောင်အစရှိတဲ့ကျေးရွာတွေဘက်မှာ နယ်မြေရှင်းလင်းရေးလုပ်နေတဲ့ စစ်ကောင်စီတပ်တွေနဲ့ ဒေသခံ ကာကွယ်ရေးအဖွဲ့တွေကြား တိုက်ပွဲတွေ ဆက်ဖြစ်နေပါတယ်။ ရန်ကြီးအောင်ရွာနဲ့ မှန်တောရွာကြားမှာ ချင်းကာကွယ်ရေးပူးပေါင်းအဖွဲ့နဲ့ စစ်ကောင်စီတပ်တို့ ဖေဖော်ဝါရီ ၂၄ ရက် ကြာသပတေးနေ့က တိုက်ပွဲဖြစ်ပွါးခဲ့တယ်လို့ ကလေး PDF တာဝန်ရှိသူတဦးက ပြောပါတယ်။

“တိုက်ပွဲက (၂၄) ရက်နေ့ကတော့ရှိတယ်။ မုန်တောဘက်မှာ။ မုန်တောက ရန်ကြီးအောင်ကျော်သေးတယ်ဗျ။ အဲဒီမှာ သူက အင်အား (၆၀) လောက်က မုန်တောရွာကို မွှေတယ်လေ။ မွှေတော့ ဒီဘက်က ကျနော်တို့ ပုံမှန်အဖွဲ့ပဲလေ။ PDF CDF/PDF-KKG/ ပြီးရင် ထန်တလန် RKDF ပြီးရင် ဟားခါးအဖွဲ့ပူးပေါင်းပြီးတော့ ကြားဖြတ်ဝင်တိုက်တာ။ (၂၄) ရက်နေ့ ကပေါ့။ အရာရှိတဦးကျတယ်။ ကျန်တာက (၅)ယောက်၊ (၆) ယောက်လောက်ကျတယ်။”

ကလေးမြို့နယ်အတွင်းဖြစ်ပွါးတဲ့တိုက်ပွဲအခြေအနေနဲ့ပက်သက်လို့ စစ်ကောင်စီပြောခွင့်ရ ဗိုလ်ချုပ်ဇော်မင်းထွန်းက အခုလိုပြောပါတယ်။

“ကနေ့မှာတော့ သံဖိုရွာအနောက်ဘက် မီတာ ၁,၅၀၀ မှာတော့ PDF အကြမ်းဖက်သောင်းကျန်းသူတွေအခြေပြုနေတဲ့နေရာကို ကျနော်တို့ဝင်ရောက်ပြီးတော့ လုံခြုံရေးအရ ဆောင်ရွက်ခဲ့တာရှိတယ်။ အဲဒီမှာ လက်လုပ်မိုင်းတွေ၊ ယမ်းကြိုးခွေတွေ၊ ကျည်တွေ ကျနော်တို့ သိမ်းဆည်းရမိတာ ရှိပါတယ်။”

အခုလို တိုက်ပွဲတွေဖြစ်နေတဲ့ ရန်ကြီးအောင်ရွာနဲ့ အလှမ်းမဝေးတဲ့ သံဖိုရွာကနေ ဖေဖော်ဝါရီ ၂၃ ရက်နေ့တုန်းက စစ်ကောင်စီတပ်ဖွဲ့ဝင်တွေက ဖမ်းဆီးသွားတဲ့ သားအမိသုံးဦး အသတ်ခံရတယ်လို့ ဒေသခံကာကွယ်ရေးအဖွဲ့တွေက ပြောပါတယ်။ ချောင်းခွဒေသခံတွေဖြစ်တဲ့ သားအမိသုံးယောက်ဟာ သံဖိုကျေးရွာဘက်က တောင်ယာခင်းထဲမှာ တိမ်းရှောင်နေရင်း စစ်တပ်က ဖမ်းဆီးသွားတာဖြစ်ပါတယ်။ အဖမ်းခံရပြီးနောက်တရက် ဖေဖော်ဝါရီ ၂၄ ရက်မှာတော့ သူတို့ကို သတ်ဖြတ်မီးရှို့ထားတဲ့အလောင်းတွေ တွေ့ရတယ်လို့ Chinland Defense Force-Kalay-Kabaw-Gangaw (CDF-KKG) ပြန်ကြားရေး တာဝန်ရှိသူတဦးက ပြောပါတယ်။

“ရရှိထားတဲ့ မြေပြင်သတင်းအချက်အလက်အရဆိုရင်တော့ ချောင်းခွကျေးရွာလိပ်စာပေါ့နော်။ နေထိုင်မှုကတော့ ချောင်းခွကျေးရွာမှာ မဟုတ်ဘဲနဲ့ သူတို့လုပ်ငန်းခွင်ရှိတဲ့ တဲအိမ်မှာ နေထိုင်နေတဲ့ သားအမိ (၃) ယောက်ကို စစ်တပ်က ဖမ်းဆီးခေါ်ဆောင်သွားတဲ့နောက်မှာ အဆက်အသွယ် ပြတ်တောက်သွားခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ ဒေသခံ ပြည်သူတချို့နဲ့ မျက်မြင်သက်သေတချို့ ပြောပုံအရတော့ ကလေးမြို့နယ်တောင်ပိုင်း သံဖိုကျေးရွာ အရှေ့ဘက် ယာခင်းတောမှာရှိတဲ့ တဲအိမ်တခုအတွင်းကနေပြီးတော့ သေနတ် သံ (၃) ချက် ထွက်ပေါ်လာပြီးတဲ့နောက်မှာ အဲဒီတဲအိမ်ကို စစ်တပ်ကနေပြီးတော့မှ မီးရှို့ ဖျက်စီးခဲ့တယ်လို့ သိရပါတယ်ဗျ။ ဖြစ်စဉ်အပြီးနောက်တရက်မှာ ကျနော်တို့ PDF-KKG နဲ့ PDF တပ်ဖွဲ့ဝင်တွေက မီးရှို့ဖျက်စီးခံခဲ့ရတဲ့ တဲအိမ်ကို စစ်ဆေးကြည့်ရှုတဲ့အခါမှာ မီးလောင်ကျွမ်းနေတဲ့အရိုးပြာကို တွေ့ရှိခဲ့ရတာဖြစ်ပါတယ်။”

ဖမ်းဆီးသတ်ဖြတ်ခံရတဲ့ သားအမိ ၃ ဦးကတော့ Nu Ngun Za Len (ဒေါ်ငွန်ဇာလဲန်- ၄၀ နှစ်)၊ Mai Thian Nun Cawi (မိုင်သီယန်နွန်ကြွယ်- ၁၆ နှစ်)၊ နဲ့ Mai Ngun Za Thian (မိုင်ငွန်ဇာသီယန်-၁၄ နှစ်) တို့ဖြစ်ကြပါတယ်။

အဖမ်းဆီးခံရွာသူအမျိုးသမီး ၃ ဦး မီးရှို့သတ်ဖြတ်ခံရတဲ့စွပ်စွဲချက်နဲ့ပက်သက်လို့ သူတို့ လုပ်တာမ ဟုတ်ကြောင်း ဗိုလ်ချုပ်ဇော်မင်းထွန်းက ငြင်းဆိုပါတယ်။

“အဲဒီဖြစ်စဉ်ကတော့ မရှိပါဘူးဗျ။ ...စွပ်စွဲချက်တွေကတော့ ဖြစ်နေကျဖြစ်ပါတယ်။ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူတွေကတော့ တိုက်ပွဲဖြစ်ပြီးတော့ တပ်ကနေ ရွာကိုမီးရှို့တယ်တို့၊ လူတွေကိုမီးရှို့သတ်တယ်တို့ဆိုတာ သူတို့ရဲ့ပုံမှန် လုပ်ငန်းတွေပါ။ ရှင်းရှင်းပြောရရင် ကျနော်တို့အနေနဲ့က အခုအချိန်မှာ တပ်မတော်အစိုးရက မြန်မာနိုင်ငံကို အုပ်ချုပ်နေတာ ဖြစ်တယ်။ မီးရှို့လို့ ရွာမီးလောင်သွားလို့ရှိရင် IDP တွေ ဖြစ်လာရင် တပ်မတော်ကပဲ ကျွေးရမွေးရတာဖြစ်တယ်။ တပ်မတော်ကပဲ စောင့်ရှောက်ရတာဖြစ်တယယ်။ ဒီအစိုးရကပဲ အလုပ်များရတာဖြစ်တယ်။ ကျနော်တို့အလုပ်များစေမယ့်အလုပ်မျိုး ကျနော်တို့ လုပ်စရာအကြောင်းကိုမရှိဘူး။”

ကလေးမြို့နယ်တောင်ပိုင်းမှာ စစ်တပ်က နယ်မြေရှင်းလင်းနေပြီး တိုက်ပွဲတွေဖြစ်နေတာကြောင့် နတ်ချောင်း၊ ချောင်းခွ၊ သံဖို၊ ရန်ကြီးအောင်အစရှိတဲ့ ကျေးရွာတွေက ထောင်နဲ့ချီ တဲ့ ရွာသားတွေ စစ်ဘေးလွတ်ရာ တိမ်းရှောင်နေရတယ်လို့ CDF-KKG ပြန် ကြားရေးတာဝန်ရှိသူက ပြောပါတယ်။

"လက်ရှိအခြေအနေကတော့ သံဖို ရန်ကြီးအောင်စတဲ့ ကျေးရွာတွေကတော့ စစ်ဘေးရှောင်နေရတဲ့ အနေအထား ပေါ့ ခင်ဗျ။ လူပမာဏအားဖြင့်တော့ ခန့်မှန်းရခက်ပေမယ့် အိမ်ခြေပေါင်း (၇၀၀) (၈၀၀) ထိအောင် စစ်ဘေးရှောင်နေရပါတယ်။ ထောင်ဂဏန်းကျော်မှာပါ ခင်ဗျ။"

တော တောင်တွေထဲမှာ ပုန်းခိုနေကြရတဲ့ စစ်ပြေးဒုက္ခသည်တွေအနေနဲ့ အစားအသောက် အခက်အခဲရှိနေတယ်လို့ သံဖိုကျေးရွာသားတဦးက ပြောပြပါတယ်။

"ကျနော်လည်း ရှောင်နေရတာ ပုန်းနေရတာ။ ကျနော်တို့ဘက်က စစ်သားတွေများလို့လေ။ သံဖိုတို့ နတ်ချောင်းတို့ပေါ့။ ချောင်းခွလည်း ရှောင်နေရတယ်။ တောထဲမှာရှောင်နေရတယ်လေ။ အခက်ခဲကတော့ အစားသောက်ပိုင်းခက်ခဲပါတယ်။"

ဖေဖော်ဝါရီ ၂၄ ရက် ကြာသပေးနေ့ကတော့ သံဖို၊ ရန်ကြီးအောင် အစရှိတဲ့ ကျေးရွာသားတွေ ပုန်းခိုနေတဲ့ နေရာဘက်ကို စစ်ကောင်စီတပ်က လက်နက်ကြီး/ငယ် တွေနဲ့ ပစ်ခတ်ခဲ့လို့ စစ်ဘေးရှောင် ပြည်သူတစ်ဦး ဒဏ်ရာရ သေဆုံးသွားခဲ့ပါတယ်။

ဖေဖော်ဝါရီ ၂၃ ရက် ညနေပိုင်းတုန်းကလည်း သံဖိုကျေးရွာကို လက်နက်ကြီးတွေနဲ့ပစ်ခတ်ပြီး ဝင်ရောက်လာတဲ့အတွက် ဒေသခံ ကျေးရွာသားတွေ ဘေးလွတ်ရာ ထွက်ပြေးခဲ့ကြရပါတယ်။ လက်ရှိကလေးမြို့နယ် တောင်ပိုင်းဒေသမှာ ချင်းကာကွယ်ရေးပူးပေါင်းအဖွဲ့နဲ့ စစ်ကောင်စီတပ် တို့ကြား တိုက်ပွဲတွေဖြစ်နေလို့ ရွာသားတသောင်းနီးပါး ဘေးလွတ်ရာ ထွက်ပြေးပုန်းခိုနေကြရပါတယ်။ အဲဒီအထဲ ကလေးမြို့ပေါ်မှာ သွားရောက် ခိုလှုံသူ ၂,၀၀၀ ကျော်ရှိနေပြီး ကျန်တဲ့သူတွေကတော့ တောတောင်ထဲနဲ့ နီးစပ်ရာမိသားစုတွေဆီမှာ ခိုလှုံ နေကြရပါတယ်။

https://burmese.voanews.com/a/sagaing-kalay-pdf-militarycuop-sac-yangyi-aung-chaunggwa-what-is-happening-in-myanmar-/6458976.html

-------------------------------------------------------------------------------------

## ကလေးမြို့နယ် စစ်ရှောင်စခန်းကို စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် ပစ်ခတ်သိမ်းယ

Published By DVB | 25 February, 2022



စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်၊ သံဖိုကျေးရွာအနောက်ဘက် ချင်းတောင်ခြေရင်းမှာရှိတဲ့ စစ်ဘေးရှောင်စခန်းတစ်ခုကို စစ်ကောင်စီတပ်ဖွဲ့က PDF စခန်းလို့ပြောဆိုပြီး ဖေဖော်ဝါရီ ၂၄ ရက်က လက်နက်ကြီးတွေနဲ့ ပစ်ခတ်သိမ်းယူသွားပါတယ်။

အဆိုပါစစ်ရှောင်စခန်းမှာ သံဖိုကျေးရွာက စစ်ဘေးရှောင်ပြည်သူ ၁၀၀ ကျော်နေထိုင်နေကြပြီး လက်နက်ကြီးနဲ့ပစ်ခတ်လို့ စစ်ဘေးရှောင်အမျိုးသားတစ်ယောက် ဦးခေါင်းမှာ ကျည်ဆန်ထိမှန်သွားတယ်လို့လည်း ဒေသခံတွေက ပြောပါတယ်။

စစ်ဘေးရှောင်စခန်းကို အခုလိုတိုက်ခိုက်ခံခဲ့ရတဲ့အတွက် စစ်ဘေးရှောင်ပြည်သူတွေအနေနဲ့ တောထဲကို ဆက်လက်ပြေးလွှား ထွက်ခွာနေရတယ်လို့သိရပါတယ်။

အခုလို စစ်ဘေးရှောင်စခန်းကို ပစ်မှတ်ထား တိုက်ခိုက်မှုနဲ့ပတ်သက်လို့ စစ်ကောင်စီရဲ့ သတင်းတွေမှာ သံဖိုကျေးရွာနားမှာရှိတဲ့ PDF စခန်းတစ်ခုကို သိမ်းပိုက်လိုက်နိုင်ပြီလို့ ရေးသားဖော်ပြထားပါတယ်။

https://burmese.dvb.no/archives/518993

---------------------------------------------------------------------------------------

## တနင်္သာရီမြို့အနီး စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းကြောင့် ဒေသခံ ပြည်သူများ ထွက်ပြေး တိမ်းရှောင်နေရ

By မဇ္ဈိမ | 25 February 2022

တနင်္သာရီတိုင်း၊ မြိတ်ခရိုင်၊ တနင်္သာရီမြို့နယ် ကျွဲထိန်းကုန်း ကျေးရွာ အနီးတွင် ယနေ့ ဖေဖော် ဝါရီလ ၂၅ ရက်နေ့ နံနက် ၁၀ နာရီဝန်းကျင်ခန့် အချိန်တွင် စစ်ကောင်စီတပ်ဖွဲ့က လက်နက်ကြီးများဖြင့် ဝင်ရောက် ပစ်ခတ်ခြင်းကြောင့် ရွာလေးရွာမှ ဒေသခံ ပြည်သူများ ဘေးလွတ်ရာသို့ ထွက်ပြေး တိမ်းရှောင်နေရကြောင်း ဒေသခံများထံမှ သိရ သည်။

ယနေ့နံနက် ၁၀နာရီဝန်းကျင်အချိန်က စစ်ကောင်စီတပ်ဖွဲ့က လက်နက်ကြီးဖြင့် စတင် ပစ်ခတ်နေခြင်းကြောင့် ဒေသကာကွယ်ရေးတပ်ဖွဲ့ဖြစ်သည့် ဘက်မလိုက်ပြောက်ကျားတပ်ဖွဲ့ ဘက်ကလည်း ပြန်လည် ပစ်ခတ်ကာ အပြန်အလှန် ပစ်ခတ်တိုက်ပွဲ ဖြစ်ပွါးခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

တနင်္သာရီမြို့ ဒေသခံ တစ်ဦးက"တိုက်ပွဲက ကျွဲထိန်းကုန်းရွာဖက်မှာ ဖြစ်နေပါတယ်၊ လက်ရှိ အချိန် အထိတော့ အသေအပျောက်တော့ မကြားရသေးပါဘူး ရွာလေးရွာက ပြည်သူတွေတော့ ထွက်ပြေး နေရပါတယ်"ဟု ပြောသည်။

အဆိုပါ ထိတွေ့တိုက်ပွဲသည် ညနေပိုင်းအချိန်တွင် တိုက်ပွဲ ရပ်နားခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

အပြန်အလှန် ပစ်ခတ်မှုကြောင့် သကျက်ကျေးရွာအုပ်စုရှိ သကျက်၊ ဂဏန်းကွင်း ကျွဲထိန်ကုန်းနှင့် ဆင်ဖျားတောင်ဘက်နေ ဒေသခံ ပြည်သူများ ဘေးလွတ်ရာသို့ ထွက်ပြေး တိမ်းရှောင်နေရသည်ဟု ဒေသခံများက ပြောသည်။

အဆိုပါတိုက်ပွဲတွင် ဘက်မလိုက်ပြောက်ကျား တပ်ဖွဲ့နှင့် စစ်ကောင်စီတပ်သား အင်အား ၈၀ ခန့်တို့နှင့် အပြန်လှန် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွါးခဲ့ခြင်း ဖြစ်ကြောင်း၊ စစ်ကောင်စီဘက်မှ ထိခိုက်သေဆုံးမှု စာရင်းမသိရသေးကြောင်း၊ သုံးနာရီကြာ ထိတွေ့တိုက်ပွဲတွင် စစ်ကောင်စီတပ်ဖွဲ့ဘက်က လက်နက်ကြီးဖြင့် အချက်ပေါင်း ၃၆ချက်ခန့် ပစ်ခတ်ခဲ့ကြောင်း ဒေသကာကွယ်ရေးတပ်ဖွဲ့ဖြစ်သည့် ဘက်မလိုက်ပြောက်ကျားတပ်ဖွဲ့ထံမှ သိရသည်။

လက်ရှိတွင် စစ်ကောင်စီတပ်ဖွဲ့က တနင်္သာရီမြို့နယ်ရှိ ၅၆၁ တပ်ရှေ့တွင် လမ်းသွားလမ်းလာပြည်သူများအား လမ်းပိတ်ဆို့ကာ စစ်ဆေးမှု ပြုလုပ်နေကြောင်း ဒေသခံထံမှ သိရသည်။

ပြီးခဲ့သည့် ရက်ပိုင်းကလည်း ယင်းမြို့နယ်ရှိ ပ၀ကျေးရွာတွင် စစ်ကောင်စီတပ်ဖွဲ့နှင့် PDFတပ်ဖွဲ့ တို့အကြား ထိတွေ့တိုက်ပွဲ ဖြစ်ပွားခဲ့သေးသည်။

https://www.mizzimaburmese.com/article/100445

-------------------------------------------------------------------------------------

## စစ်ကြောရေးမှာ အဓမ္မပြုကျင့်ခံရမှုများ နိုင်ငံတကာသိအောင် တိုင်ကြားမည်

2022.02.25

မန္တလေး အိုးဘိုအကျဉ်းထောင်မှာ နိုင်ငံရေးကြောင့် အဖမ်းခံထားရတဲ့ ဗကသအဖွဲ့ဝင် အမျိုးသမီးတစ်ဦးနဲ့ အမျိုးသားနစ်ဦး စစ်ကြောရေးမှာ အဓမ္မပြုကျင့်ခံရပြီးတဲ့နောက် ထောင်ထဲမှာ တိုက်ပိတ်ခံထားရကြောင်း ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် (ဗကသ) က ဖေဖော်ဝါရီလ ၁၉ ရက်နေ့က ကြေညာချက်ထုတ်ပြန်လိုက်ပါတယ်။

အဓမ္မအကျင့်ခံရသူတွေရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းတဲ့အနေနဲ့ သူတို့ရဲ့ အသက်အရွယ်နဲ့ အမည်အတိအကျကို ထုတ်ဖော်ပြောဆိုခြင်း မရှိပါဘူး။

စစ်ကြောရေးမှာ အဓမ္မအကျင့်ခံရပြီး ထောင်ထဲမှာ တိုက်ပိတ်ခံထားရတာကြောင့် လူမသိသူမသိ နှုတ်ပိတ်ပစ်မှာကိုတောင် စိုးရိမ်နေရတယ်လို့ ဗကသအဖွဲ့ချုပ်ဥက္ကဋ္ဌ ကိုအောင်ပြည့်စုံဖြိုးက RFA ကို ပြောပါတယ်။

**"အမျိုးသမီး ရဲဘော်တစ်ဦးကို စစ်ကြောရေးက မုဒိမ်းကျင့်တယ်လို့ ကြားတယ်။ သူ့ကို မုဒိမ်းကျင့်ပြီးတဲ့အခါမှာ ထိခိုက်ဒဏ်ရာတွေရှိတယ်။ စစ်ကြောရေးမှာ နှိပ်စက်ခံရတဲ့ ဒဏ်ရာတွေ ရှိတယ်ပေါ့လေ။ အဲဒဏ်ရာတွေရှိတဲ့ အခါမှာ ဘာမှဆေးကုသခွင့် မပေးဘဲ ပစ်ထားတယ်လို့ ကြားတယ်။ ပြီးရင် အခုထောင်ကိုပို့ပြီး တိုက်ပိတ်ထားတယ်။ သူ့အနေ နဲ့ အစစအရာရာ စိတ်ရော၊ လူရော အဆုံးထိ ရောက်နေမယ်လို့ ကျနော်တို့ ထင်တယ်။ Sucide ကေ့စ်တွေအထိ ဖြစ်လာနိုင်တယ်ပေါ့။ Rape အကြောင်းအရာကြောင့် စစ် ကောင်စီက သူ့ကို နှုတ်ပိတ်တာအထိ လုပ်မှာကို စိုးရိမ်ပူပန်မှုရှိပါတယ်"**

ဗကသအဖွဲ့ဝင် အမျိုးသမီးအပြင် နောက်ထပ် နိုင်ငံရေးအကျဉ်းသား အမျိုးသားနှစ်ဦးလည်း ပြီးခဲ့တဲ့ရက်ပိုင်းက မန္တလေး နန်းတွင်းစစ်ကြောရေးမှာ အဓမ္မအကျင့်ခံခဲ့ရတယ်လို့ ကိုအောင်ပြည့်စုံဖြိုးက ပြောပေမယ့် ရက်အတိအကျကိုတော့ စုံစမ်းနေဆဲလို့ ဆိုပါတယ်။

အဲဒီ ဗကသအဖွဲ့ဝင် အမျိုးသမီးဟာ လွန်ခဲ့တဲ့ ခြောက်လခန့်က အဖမ်းခံလိုက်ရတာဖြစ်ပြီး လက်ရှိအချိန်အထိ သူ့ကို ဘာပုဒ်မနဲ့ စွဲချက်တင်ထားသလဲဆိုတာ အတိအကျ မသိရသေး ဘူးလို့ အဲဒီမိန်းကလေးရဲ့ သူငယ်ချင်းဖြစ်သူ ဗကသအဖွဲ့ဝင် မလပြည့်က ပြောပါတယ်။

အခု အိုးဘိုထောင်မှာ တိုက်ပိတ်ခံထားရတဲ့ အဲဒီ ဗကသအဖွဲ့ဝင် အမျိုးသမီးဟာ စစ်အာဏာ မသိမ်းခင်ကတည်းက အင်တာနက်ဖြတ်တောက်ခံထားရတဲ့ ရခိုင်ဒေသအတွက် ဆန္ဒပြလှုပ်ရှားခဲ့သူဖြစ်တာကြောင့် စစ်ကောင်စီလက်က ရန်ငြိုးထားခံရသူတစ်ဦးဖြစ် တယ်လို့ မလပြည့်က ပြောပါတယ်။

**"ညီမသူငယ်ချင်းက အခုချိန်ထိ စစ်ကြောရေးမှာရှိတယ်။ လူမှုရေးဖြစ်တဲ့ ကာမနှောင့် ယှက်ခံရတာတွေရှိတယ်လို့ ပို့လာတာရှိတယ်ပေါ့။ ပြန်ကြားသိရတာ ရှိတယ်ပေါ့။ ကျမ သူငယ်ချင်းအနေနဲ့ စစ်အုပ်စုကို ရတဲ့နည်းနဲ့ ပြန်တွန်းလှန်နေမယ်လို့ ယုံကြည်ပါတယ်။ သူဒီလို ပေးဆပ်နေရတာတွေက နောင်မျိုးဆက်တွေ သူ့လိုအဖြစ်မျိုးနဲ့ မကြုံရအောင် ကြံ့ကြံ့ခိုင်ရင်ဆိုင်နေမယ်လို့ ကျမကတော့ ယုံကြည်တယ်"**

အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံရေးလှုပ်ရှားမှုကြောင့် အဖမ်းခံရတဲ့ အမျိုးသမီးတွေဟာ အမျိုးသားတွေထက် လိင်ပိုင်းဆိုင်ရာ စော်ကားမှု၊ ခြိမ်းခြောက်မှုတွေကို ပိုကြုံတွေ့ရ တယ်လို့ အဖမ်းခံရပြီးမှ ပြန်လွတ်လာသူတချို့က ပြောကြပါတယ်။

ရန်ကုန်က စစ်ကြောရေးစခန်းတစ်ခုမှာ စစ်ကောင်စီတပ်ဖွဲ့ဝင်တွေက အမျိုးသမီးတွေ အပေါ် ကြမ်းကြမ်းတမ်းတမ်း ဆဲဆိုတာတွေ၊ နှုတ်နဲ့စော်ကားတာ၊ ခန္ဓာကိုယ်ကို မထိတထိ ကိုင်တွယ်တာ စတဲ့ လိင်ပိုင်းဆိုင်ရာ စော်ကားမှုတွေကို ကိုယ်တိုင်မြင်ခဲ့ရတယ်လို့ လုံခြုံရေး အရ အမည်မဖော်လိုတဲ့ နိုင်ငံရေးအကျဉ်းသူဟောင်းတစ်ဦးက RFA ကို ပြောပါတယ်။

**"ညီမလိုမျိုး အဖမ်းခံရတဲ့ အစ်မတစ်ယောက်ကို စစ်ကြောရေးမှာ မအင်္ဂါကို ကြမ်းတိုက် တဲ့ တုတ်နဲ့ထိုးတယ်။ ဘောင်းဘီအပြင်ကနေ ထိုးတယ်။ ပြီးတော့ တင်ပါးကို ဝိုင်းရိုက် ကြတယ်။ အဲဒီအစ်မက ခန္ဓာကိုယ် အရမ်းလှတယ်၊ သူတို့က တမင်သက်သက်ကို နာဘူးကြပြီးတော့မှ ဒီတစ်ယောက်က မိုက်တယ်ကွာ ဆိုပြီးတော့ ရိုက်ကြတာ။ အဲ အစ်မရဲ့တင်ပါးအသားတွေ ကွဲထွက်ပြီးတော့ သွေးတွေထွက်လာတယ်။ အဲအစ်မ ထိုင်လိုက်တဲ့နေရာမှာ သွေးကွက်တွေ ကျန်တဲ့အထိဖြစ်တယ်။ မထိုင်နိုင်လောက်တဲ့ အထိ ဒဏ်ရာဖြစ်တယ်ပေါ့နော်"**

"ဗကသက ဆရာမတွေကိုလည်း လိင်ပိုင်းဆိုင်ရာ ကျူးလွန်နေတာကို မြင်ရတယ်"

သူဟာ ပြီးခဲ့တဲ့နှစ် မတ်လက ဆန္ဒပြဖို့လူစုနေစဥ် ဖမ်းဆီးခံလိုက်ရတာဖြစ်ပြီး စစ်ကြောရေး စခန်းမှာ ၁၀ ရက်ကြာ စစ်ကြောခံရပြီးမှ ပုဒ်မ ၅၀၅ (က)နဲ့ အင်းစိန်ထောင်ကို အပို့ခံခဲ့ရ တာဖြစ်ပါတယ်။ အင်းစိန်ထောင်မှာ ခုနစ်လကြာနေခဲ့ရပြီး ၂၀၂၁ အောက်တိုဘာ ၁၈ ရက် နေ့ကမှ ပြန်လည်လွတ်လာတာဖြစ်ပါတယ်။

စစ်ကောင်စီပြောခွင့်ရ ပြန်ကြားရေး ဒု-ဝန်ကြီး ဗိုလ်ချုပ် ဇော်မင်းထွန်း ကတော့ ဒါတွေဟာ စွပ်စွဲချက် သက်သက်သာဖြစ်တယ်လို့ တုံ့ပြန်ပါတယ်။

**"စွပ်စွဲနေကြတာပဲ ဖြစ်ပါတယ်။ PDF အမည်ခံနဲ့ NUG အမည်ခံ အကြမ်းဖက်သောင်း ကျန်းသူတွေက ဆရာ၊ ဆရာမတွေကို ရိုက်နှက်နေတာတွေ၊ အရွယ်မရောက်သေးတဲ့ ၁၃ နှစ်သမီးကို ရိုက်နှက်နေတဲ့ ဟာတွေကို ဘာတစ်ခုမှ ထုတ်မပြောဘဲနဲ့၊ ဒါတွေနဲ့ ပတ်သက်ပြီး အမျိုးမျိုးလုပ်ကြံစွပ်စွဲနေတာ သူတို့ရဲ့ ပြည်သူလူထုအပေါ်မှာ မမှန်သတင်းပေးထား ရှိတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ မြန်မာအစိုးရ လက်ထက်မှ အမျိုးသမီးတွေ ဖမ်းခဲ့ တာ မဟုတ်ဘူး။ ယခင်အစိုးရလက်ထက်ကတည်းက ဖမ်းခဲ့တာဖြစ်တယ်။ အဲဒါကိုကျ မြန်မာနိုင်ငံမှာသုံးနေတဲ့ အကျဥ်းထောင်ဥပဒေတွေ ထောင်ဥပဒေတွေနဲ့ ယခင်အင်္ဂလိပ် ခေတ်လက်ထက်ထဲက ကျင့်သုံးနေတဲ့ ဥပဒေတွေနဲ့ လိုအပ်ချက်အရ ဖြည့်ဆည်းမွမ်းမံ တာပဲရှိတယ်။ ဒါနဲ့ပတ်သက်ပြီး ဥပဒေတွေနဲ့ ထိန်းသိမ်းတဲ့ နည်းလမ်းတွေ အကျဥ်း ထောင် လက်စွဲစာအုပ်တွေ အပြည့်အစုံ ရှိပြီးသားဖြစ်တယ်"**




*(မန္တလေးမြို့မှာ ၂၀၂၁ ဇွန် ၂၁ ရက်နေ့က ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် သပိတ်စစ်ကြောင်း စစ်အာဏာရှင်ဆန့်ကျင်ရေး ဆန္ဒပြခဲ့စဥ်) Photo: CJ*

စစ်တပ်က အာဏာသိမ်းပြီးတဲ့နောက် အမျိုးသမီးတွေကို လိင်ပိုင်းဆိုင်ရာ ကျူးလွန်ပြီးမှ ညှဥ်းပန်းနှိပ်စက်တာ၊ သတ်ဖြတ်တာ၊ စစ်ကြောရေးနဲ့ အကျဥ်းထောင်ထဲမှာ အခွင့်ပြကျင့် တာတွေအတွက် နိုင်ငံတကာသိအောင် ကြိုးစားသွားမယ်လို့ အမျိုးသမီးများအဖွဲ့ချုပ် (WLB) က တွဲဖက်အထွေထွေအတွင်းရေးမှူး မနန်းမိုဲမို့ က RFA ကို ပြောပါတယ်။

**"ဗကသက ဆရာမတွေကိုလည်း လိင်ပိုင်းဆိုင်ရာ ကျူးလွန်နေတာကို မြင်ရတယ်။ တချို့နေရာတွေမှာဆိုလည်း အမျိုးသမီးတွေကို သတ်ဖြတ်လိုက်တဲ့ ကေ့စ်တွေလည်း ရှိတယ်။ တချို့တွေဆိုရင် ရိုးရိုးတန်းတန်း သတ်ဖြတ်တာမျိုး မဟုတ်ဘဲနဲ့ လိင်ပိုင်းဆိုင်ရာ ကျူးလွန်ပြီးမှ ညှဥ်းပန်းနှိပ်စက်တာ သတ်ဖြတ်တာကို ကျူးလွန်တာမျိုး တွေ့ရတယ် ပေါ့နော်။ အခုလုပ်ဆောင်နေတာက ဖြစ်ပျက်နေတဲ့ကိစ္စတွေကို ကျမတို့ မှတ်တမ်းတင် တယ်၊ ပြီးလို့ရှိရင်တော့ ဒီလိုမျိုးကိစ္စတွေမှာ နိုင်ငံတကာရဲ့ တာဝန်ခံမှုယန္တရားတွေမှာ တာဝန်ယူမှုနဲ့ တရားမျှတမှု ယန္တရားတွေအရ သူတို့ကို ခုံရုံးတွေတင်ပြီး စစ်ဆေးတဲ့အခါ မှာ ခိုင်မာမှုရှိအောင် သက်သေတွေအဖြစ်နဲ့ ဒီဟာနဲ့ပတ်သက်ပြီး မှတ်တမ်းတင် စုဆောင်းထားတာ ရှိပါတယ်"**

RFA က လက်လှမ်းမီသလောက် ပြုစုထားတဲ့ စာရင်းတွေအရ စစ်အာဏာသိမ်းထားတဲ့ တစ်နှစ်ကျော်ကာလအတွင်းမှာ အမျိုးသမီး ၁၀၇ ဦး သေဆုံးခဲ့ပါတယ်။

သေဆုံးသူ အမျိုးသမီးတွေဟာ အသက်အရွယ်အတိအကျ မဖော်ပြနိုင်သူ ၂၄ ဦး၊ အသက် ၇၀ နဲ့အထက် ငါးဦး၊ အသက် ၆၀ နဲ့အထက် ကိုးဦး၊ အသက် ၅၀ နဲ့အထက် ရှစ်ဦး၊ အသက် ၄၀ နဲ့အထက် ငါးဦး၊ အသက်

၃ဝ နဲ့အထက် ၁၈ ဦး၊ အသက်၂ဝ နဲ့အထက် ၂၇ ဦး၊ အသက် ၁၅ နဲ့နှစ်အထက် သုံးဦး၊ အသက် ၁၄ နှစ်အရွယ် ရှစ်ဦး စုစုပေါင်း ၁ဝ၇ ဦးဖြစ်ပါတယ်။

https://www.rfa.org/burmese/news/interrogation-rape-case-02252022041150.html

---------------------------------------------------------------------------------------------------

## အင်အားသုံး ထိုးစစ်ဆင်မှုကြောင့် နန်းမယ်ခုံမြို့ကို ဆုတ်ခွာပေးရကြောင်း KNPP ပြော

2022.02.25



KNDF တပ်ဖွဲ့ဝင် တချို့ကိုတွေ့ရစဉ် Photo: Karenni Nationalities Defense Force -B-02

ကယားပြည်နယ် နန်းမယ်ခုံမြို့ကို စစ်ကောင်စီတပ်က အင်အားသုံး ထိုးစစ်ဆင် လာတဲ့ အတွက် ကာကွယ်ရေး အဖွဲ့တွေက ဖေဖော်ဝါရီလ ၂၄ ရက် မနေ့က ဆုတ်ခွာပေးလိုက် ရတယ်လို့ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) က RFA ကို ပြောပါတယ်။

စစ်ကောင်စီတပ်က တဖြည်းဖြည်းနဲ့ ထိုးစစ် ပြန်ဆင်လာတဲ့အတွက် အင်အားမမျှလို့ ဆုတ်လိုက်ရတာလို့ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ရဲ့ အတွင်းရေးမှူး (၁) ခူဒယ်နီယာ က ပြောပါတယ်။

**"လက်လွှတ်လိုက်ရပြီဆိုတာက အရင် ဒီ PDF တို့ KNDF တို့က ဒီမိုးဖြဲကနေ စပြီးတော့ တိုက်ပွဲဖြစ်တယ်။ လွိုင်ကော်မှာဖြစ်တယ်။ အဲဒီကနေ စစ်ကောင်စီက တဖြည်းဖြည်းနဲ့ ထိုးစစ်တွေ ပြန်ဆင်လာတယ်။ လက်လွှတ်လိုက်ရတယ် ဆိုတာက ခဏလေး။ ခဏတစ်ဖြုတ်ပါ။ အင်အားမမျှလို့ ဆုတ်လိုက်ရတယ် ဆိုတဲ့ သဘောမျိုးပါပဲ "**

စစ်ကောင်စီဘက်ကတော့ KNPP နဲ့ PDF တို့ တပ်စွဲထားတဲ့ ဝါရီဆူးပလိုင်၊ နန်းမယ်ခုံ၊ ဘုရားကုန်း၊ ဘုရားဖြူ၊ ဆင်မတောင်၊ ဆင်ထီးတောင်၊ အိုကေ စတဲ့ ကျေးရွာတွေကို ထိန်းချုပ်နိုင်ခဲ့တယ်လို့ မနေ့က ထုတ်ပြန်ထားပါတယ်။ ဖေဖော်ဝါရီလ ၁၇ ရက်ကနေ မနေ့ကအထိ ထိတွေ့တိုက်ခိုက်မှု ၂၅ ကြိမ် ဖြစ်ပွားခဲ့ပြီး အလောင်းတချို့နဲ့ လက်နက် ခဲယမ်းအချို့ သိမ်းဆည်းရမိခဲ့သလို စစ်တပ်ဘက်ကလည်း အရာရှိနဲ့ စစ်သည်အချို့ ထိခိုက် ဒဏ်ရာ ရရှိခဲ့တယ်လို့ ဆိုပါတယ်။

ရှမ်းပြည်နယ်တောင်ပိုင်း မိုးဗြဲမြို့နယ်ကနေ စတင်ပြင်းထန်ခဲ့တဲ့ နှစ်ဖက်တိုက်ပွဲ တွေဟာ ဖေဖော်ဝါရီလ ၂၄ ရက် မနေ့က နန်းမယ်ခုံမြို့အထိ ဆက်လက် ဖြစ်ပွားခဲ့တာပါ။

ဒီတိုက်ပွဲတွေအတွင်း စစ်ကောင်စီတပ်ဘက်က လက်နက်ကြီးတွေအပြင် တိုက်လေယာဉ် တွေနဲ့ပါ အင်အားသုံး တိုက်ခိုက်ခဲ့တယ်လို့ ဒီးမော့ဆိုမြို့နယ် ပြည်သူ့ကာကွယ်ရေးတပ် ( DMO-PDF) ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောပါတယ်။

**“ လေယာဉ်နဲ့ လာကြတယ်။ မနေ့ကဆိုရင် တစ်နေကုန် ဟိုး မနက် ၈ နာရီ ၉ နာရီ ကတည်းက လာတယ်။ ဟိုးညနေ ၃ နာရီ ၄ နာရီအထိလာတယ်။ တစ်နေကုန် လေယာဉ်နှစ်စီး၊ သုံးစီး အမြဲတမ်းလာတယ်။ ပြီးတော့ ညဆိုရင်လည်း ဟိုးအရင်ည ဆိုရင်လည်း ညဗုံးလာကြတယ်။ လေယာဉ်နဲ့ လာကြတယ်။ အဲဒါကြောင့်မို့လို့ ရွာထဲနေတာ မလုံခြုံတော့ဘူးပေါ့နော်။ အဲလိုမျိုး ပြောကြတယ်။ ပြီးတော့ ဗုံးနဲ့ လာကြတယ်ဆိုရင်လည်း တစ်နေကုန်ကြတာပဲ။ သူ့ဟာကလည်း နည်းနည်းတော့ များသားပဲ။ ညဆိုရင်လည်း ညကြတာပဲ။ လက်နက်ကြီး လက်နက်ငယ်တွေလည်း ပစ်တယ် "**

ဒီတိုက်ပွဲတွေကြောင့် အိုးအိမ်စွန့်ခွာ ထွက်ပြေးကြရတဲ့ ဒုက္ခသည် သုံးသောင်းဝန်းကျင် အထိ ရှိနေတယ်လို့ ဒေသခံတွေကပြောပါတယ်။

ထိုးစစ်ဆင်တိုက်ခိုက်မှုတွေကြောင့် ဒေသခံတွေ အလုံးအရင်းနဲ့ ထွက်ပြေး တိမ်းရှောင် နေကြရတာလို့ ကိုယ်တိုင်ထွက်ပြေးတိမ်းရှောင်နေရတဲ့ ဒေသခံ အမျိုးသမီးတစ်ဦးက ပြောပါတယ်။

**" ဒီကြားထဲမှာက ရေမရှိဘူးလေ။ ဘယ်နေရာမှ ရေအဆင်မပြေဘူး ဖြစ်နေတယ်။ ဒါပေမဲ့ ဒီရေတော့ အလှူလိုက်ခံရမှာပေါ့။ အဲဒါမျိုး အဲလိုပဲ လုပ်ရမှာပေါ့။ ဒုက္ခ တအားရောက်တယ်။ ဒီနန်းမယ်ခံတို့ အိုကေတို့ နောက်ပြီးတော့ ဒီကျွန်းတောတို့ ဒီဘက်တော့ အကုန်လုံး ရှောင်မှ ရတော့မယ် ထင်တယ်။ မရှောင်လို့လည်း အဆင်မပြေတော့တဲ့ အနေအထား။ အများကြီး ထွက်လာပြီ။ ထောင်ချီသောင်းချီ ရှိနေပြီ"**

၁၀ ရက်နီးပါးကြာ ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲတွေအတွင်း ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ဘက်က ၂၀ ဦး သေဆုံးခဲ့သလို စစ်ကောင်စီတပ်ဘက်ကသေဆုံးသူ ၈၀ ကျော်ရှိအထိရှိနိုင်တယ်လို့ ကရင်နီအမျိုးသား ကာကွယ်ရေးတပ်ဖွဲ့ KNDF က ပြောပါတယ်။

ဒီတိုက်ပွဲတွေအတွင်း သေဆုံးတဲ့အရပ်သားဟာလည်း ဖေဖော်ဝါရီလ ၂၂ ရက်နေ့ အထိ ၁၀ ဦးထက်မနည်း ရှိခဲ့တယ်လို့ KNDF က ထုတ်ပြန်ထားပါတယ်။

https://www.rfa.org/burmese/news/pdf-retreat-in-kayah-02252022044459.html

---------------------------------------------------------------------------------------------------

## ကရင်နီစစ်ရှောင်များ ရိက္ခာနှင့် အမိုးအကာများ အရေးပေါ်လိုအပ်နေ

By ဧရာဝတီ | 25 February 2022

ရှမ်းပြည်နယ်နှင့် ကယားပြည်နယ် နယ်စပ် မိုးဗြဲဒေသတွင် ဖြစ်ပွားနေသည့် စစ်ကောင်စီနှင့် ကရင်နီပူးပေါင်း တပ်ဖွဲ့များ အကြား ၉ ရက်ကြာတိုက်ပွဲများကြောင့် ထွက်ပြေးနေသည့် စစ်ရှောင်ဒုက္ခသည်များမှာ စားနပ်ရိက္ခာနှင့် အမိုးအကာ များ အရေးပေါ် လိုအပ်နေကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၆ရက်နေ့မှ စတင်ကာ ဖြစ်ပွားနေသည့် တိုက်ပွဲများမှာ မိုးဗြဲ ၊ ဝါရီဆူးဖလိုင်၊ ဝီသဲကူး၊ နန်းမယ်ခုံ၊ ဆင် တောင်နှင့် လီဝိုးတဝိုက်တွင် ဖြစ်ပွားနေပြီး ဒေသခံများသာမက လွိုင်ကော်ဒေသတိုက်ပွဲများကြောင့် ရောက်လာသည့် စစ်ရှောင်များလည်း ထပ်မံတိမ်းရှောင်ရကာ စစ်ဘေးရှောင် ၁ သောင်းကျော်အတွက် စားနပ်ရိက္ခာ၊ အမိုးအကာ၊ ရေနှင့် ဆေးဝါးများ လိုအပ်လျက်ရှိကြောင်း ကရင်နီလူ့အခွင့်အရေး အဖွဲ့မှ သိရသည်။

ကရင်နီလူ့အခွင့်အရေး အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ကိုဗညားက "ဆန်စပါးတွေက ပေါပါတယ်။ ဒါပေမဲ့ ဒီလိုမျိုး ရုတ်တရက် ဖြစ်တာကို သတိမထားမိလိုက်တဲ့ အတွက်ကြောင့်မလို့ အများကြီး မသယ်ထုတ်နိုင်ဘူး အဲဒါကြောင့်မလို့ စားနပ်ရိက္ခာကတော့ အခက်အခဲတွေ ကြုံနေရတာ တွေ့ရတယ်။ လူဦးရေကလည်း အရင်ကတည်းက များတယ်။ အဆောက်အဦးတွေ ဆောက်ဖို့ မိုးကာတွေ အခက်အခဲရှိတယ်။ ရေလည်း တော်တော်လေး အခက်အခဲရှိတယ်" ဟု ပြောသည်။

ရိက္ခာ ဝယ်ယူ၍ရသော လမ်းကြောင်းဖြစ်သည့် မိုးဗြဲ – ဖယ်ခုံ တွင် တိုက်ပွဲ အဓိက ဖြစ်ပွားနေသည့် အတွက် လမ်းပိတ် နေကာ စားနပ်ရိက္ခာ ဝယ်ခြမ်းမှု အကြပ်အတည်း ဖြစ်ပွားနေခြင်းလည်း ဖြစ်သည်။

ကိုဗညားက "ကရင်နီပြည်နယ်မှာ အုပ်ချုပ်ရေး ယန္တရား ပျက်စီးသွားတဲ့ အတွက်ကြောင့် ယန္တရားကို ပြန်အသက်သွင်း ချင်တယ်။ အဓိကကျတဲ့ လမ်းမကို ထိန်းချုပ်ဖို့ အစီအစဉ်ရှိတယ်လို့ သိရတယ်။ အထူးသဖြင့် ဖြတ် ၄ ဖြတ်ကို အသက် သွင်းဖို့ အတွက် လျာထားတယ်။ စစ်ရေးအရ ထိန်းချုပ်နိုင်သလောက်ကို ထိန်းချုပ်ပြီးတော့ ဒီဘက်က တပ်ဦးလန်သွား အောင်ဆိုတဲ့ အစီအမံနဲ့ လုပ်နေတာ"ဟု ဆိုသည်။

၁၆ ရက်နေ့မှ စကာ ဖြစ်ပွားခဲ့သည့် တိုက်ပွဲများအတွင်း စစ်ကောင်စီတပ်မှ တိုက်လေယာဉ်များ၊ သံချပ်ကာကားများ အပြင် တာဝေးပစ် အမြောက်များဖြင့်သော ၁၂၀ မမ၊ ၈၀ မမ တို့ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် အတွက် အရပ်သား ပြည်သူ ၁၀ ဦး နှင့်အထက် သေဆုံးမှုရှိပြီး

အတည်ပြုနိုင်ရန်လည်း ကြိုးစားလျက်ရှိကြောင်း ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ် – KNDF က ထုတ်ပြန်ထားသည်။

ဖေဖော်ဝါရီ ၂၃ရက် ညနေ ၆ နာရီခန့်က စစ်ဖြစ်ပွားမှု မရှိသည့် ဒီးမော့ဆိုမြို့နယ် ဒေါကမီး၊ ဆီးလီဒုန်း၊ စည်းလင်းရွာတို့ ကို စစ်ကောင်စီတပ်က တိုက်လေယာဉ် ၄ စီးဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၂ ဦးသေဆုံးပြီး ၂ ဦး ဒဏ်ရာရရှိခဲ့ကာ နေအိမ် ၁ လုံး မီးလောင်ခဲ့သည့် အပြင် နေအိမ် ၅ လုံးခန့် ပျက်စီးခဲ့ကြောင်း ဒေသ သတင်းရင်းမြစ် များထံမှ သိရသည်။



ကရင်နီဒေသ ဝါရီဆူပလိုင်ရွာမှ တိုက်ပွဲကြောင့် ထွက်ပြေးလာသည့် ဒေသခံ စစ်ရှောင်များ (ကယားမြေမှ တိုင်းရင်းသူ)

စစ်ကောင်စီက မိုးဗြဲမြို့မှတဆင့် စစ်ကြောင်း ၂ ကြောင်းဖြင့် ထိုးစစ်ဆင်နေခြင်းဖြစ်ပြီး အဆိုပါ လမ်းကြောင်းသည် စစ်ဘေးရှောင်များ အများဆုံး နေထိုင်ရာ ကျေးရွာများသို့ ဦးတည်နေခြင်း ဖြစ်ကြောင်း Karenni Democratic Front (KDF) မှ ပြန်ကြားရေး တာဝန်ခံက ပြောသည်။

"သူတို့ (စစ်ကောင်စီ) က စစ်ရှောင်တွေ ရှိတဲ့ဘက်ကို ဦးစားပေးပြီးတော့ စစ်ကြောင်း ထိုးလာတာပေါ့။ စစ်ရှောင်တွေ ရှိရင် ကျနော်တို့ဘက်က ကာကွယ်ရတာ နည်းနည်းခက်တော့ ဒီအားနည်းချက်ကို ယူပြီးတော့ စစ်ကြောင်း ထိုးလာ တယ်လို့ သုံးသပ်လို့ရတာပေါ့။ စစ်ရှောင်တွေရဲ့ နေရာတွေက သူတို့ စစ်ကြောင်းထိုးလာတော့ မလုံခြုံတော့ဘူး။ ထား ထားတဲ့ တချို့နေရာတွေ ဆိုရင် ညတွင်းချင်းပြောင်းရတာတွေ ရှိတယ်" ဟု ၎င်းက ပြောသည်။

ကယားပြည်နယ်ရှိ လူဦးရေ နှစ်သိန်းရှစ်သောင်းကျော် အနက်မှ တစ်သိန်းခွဲကျော်သည် စစ်ဘေးရှောင်များ ဖြစ်နေ ပြီဖြစ်ကြောင်း ဒေသ အဖွဲ့အစည်းများ၏ အချက်အလက်များအရ သိရသည်။

ကရင်နီဒေသတွင် ဖေဖော်ဝါရီ ၁၆ ရက်နေ့မှ ၂၃ ရက်နေ့အထိ တိုက်ပွဲများအတွင်း ကရင်နီပူးပေါင်းတပ်ဖွဲ့ နှင့် ပြည်သူ့ ကာကွယ်ရေးတပ်ဖွဲ့များဘက်မှ ၃၀ ကျော်ကျဆုံးခဲ့ပြီး စစ်ကောင်စီဘက်မှ ၆၀ ထက်မနည်း သေဆုံးကြောင်း ကာကွယ် ရေးတပ်ဖွဲ့များထံမှ သိရသည်။

https://burma.irrawaddy.com/news/2022/02/25/250139.html

-----------------------------------------------------------------------------------------------

## ဆီဆိုင်မြို့နယ် စစ်ဘေးရှောင်ပြည်သူ ၂၀၀၀ ကျော် ထပ်မံရောက်ရှိလာ

By SHAN - February 25, 2022



ယခုရက်ပိုင်းအတွင်းတွင် ကရင်နီပြည်နှင့် ဖယ်ခုံမြို့၊ မိုးဗြဲမြို့တို့အတွင်း တိုက်ပွဲပိုမိုပြင်းထန်လာသဖြင့် ဆီဆိုင်မြို့နယ်အတွင်းသို့ စစ်ရှောင် ၂၀၀၀ ကျော် ထပ်မံ ရောက်ရှိလာကြောင်း သတင်းသိရသည်။

တိုက်ပွဲတိမ်းရှောင်လာသူများသည် လွိုင်ကော်မြို့နယ် လွိုင်လင်လေးကျေးရွာနှင့် အနီးပတ်ဝန်းကျင်မှ ပြည်သူ များ ဖြစ်ကြပြီး ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှ ယနေ့အထိ စစ်ရှောင်ဦးရေ ၂၀၀၀ ခန့် တိုးလာကြောင်း သတင်းသိရသည်။

"အများစုက လွိုင်လင်လေးရွာကနေ စစ်ရှောင်လာတဲ့သူတွေ ဖြစ်ပါတယ်၊ သူတို့ရွာမှာ လက်နက်ကြီးကျတယ် ပေါ့၊ သေတဲ့သူလည်း သေတယ်၊ ပြီးတော့ အဲ့အနီးပတ်ဝန်းကျင်က အရင်ကတည်းက စစ်ရှောင်တဲ့သူတွေရော

စုပေါင်းပြီး ဆီဆိုင်ဖက်ကို ထွက်ပြေးလာကြတာ” ဟု ဆီဆိုင်မြို့မှ ဒေသခံတစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

ဆီဆိုင်မြို့အတွင်းသို့ ထပ်မံရောက်ရှိလာသည့် ပြည်သူများသည် နယ်မြေငြိမ်းချမ်းပြီအထင်နှင့် နေရပ်သို့ ပြန်သွားရာမှ တိုက်ပွဲနှင့် တိုးမိပြီး ထပ်မံထွက်ပြေးတိမ်းရှောင်လာသည့် ပြည်သူများလည်းရှိကြောင်း စစ်ရှောင်ကူညီသူတစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။



“အေးချမ်းပြီထင်လို့ နေရပ်ပြန်သွားတဲ့ ထီစဲခါးကျေးရွာက ပြည်သူတွေနဲ့ တခြားရွာက သူတွေလည်း ပြန်ရှောင်ထွက်လာရတယ်၊ သူတို့နေရာမှာ တိုက်ပွဲပြန်ဖြစ်လို့တဲ့၊ အခုတော့ သူတို့အတွက် နေရာနဲ့ စားရေးသောက်ရေးစီစဥ်နေရာချထားပါပြီ” ဟု ဆီဆိုင်မြို့မှ စစ်ရှောင်ကူညီသူတစ်ဦးက သျှမ်းသံတော်ဆင့်ကို ပြောသည်။

စစ်ရှောင်ဦးရေများ တိုးပွားလာသော်လည်း လက်ရှိတွင် စစ်ဘေးရှောင်အတွက် လှူဒါန်းသည့်အလှူရှင် နည်း လာပြီး ရေရှည်ရပ်တည်နိုင်ရန်အတွက် ခက်ခဲမည်ကို စိုးရိမ်မိကြောင်းလည်း စစ်ရှောင်ကူညီသူများက ပြောသည်။

ဆီဆိုင်မြို့နယ်အတွင်းတွင် စစ်ရှောင်များကို ထီးစဲခါးဘုန်းကြီးကျောင်း၊ ရေဖြူ၊ နောင်ထော်၊ တောင်လာဂရု၊ အောင်ကလပ်၊ ကောင်ထို၊ နောင်ဗိုကန်တော်လေးနှင့် ဆီဆိုင်ဘုရားဖြူစစ်ရှောင်စခန်း စသည်တို့တွင် နေရာချထားကြောင်း သတင်းသိရသည်။

https://burmese.shannews.org/archives/27144

-----------------------------------------------------------------------------------------------

## စစ်ကောင်စီတပ်က မြေပြင်နှင့် လေကြောင်းမှ အင်အားသုံးတိုက်ခိုက်ခဲ့သဖြင့် နန်းမယ်ခုံကို ယာယီ စွန့်ခွာရဟု KNDF ပြော

Published By DVB | 25 February, 2022



ကယား(ကရင်နီ) ပြည်နယ်မှာ ၁၀ ရက်ဆက်တိုက် စစ်ကောင်စီနဲ့ ကရင်နီပူးပေါင်းတပ်တို့ အကြား တိုက်ပွဲပြင်းထန်ဖြစ်ပွားရာမှာ စစ်ကောင်စီဘက်က လက်နက်ကြီးတွေ၊ သံချပ်ကာကားတွေ၊ တိုက်လေယာဥ်တွေနဲ့ အင်အားသုံးတိုက်ခိုက်တာကြောင့်  ကရင်နီပူးပေါင်းတပ်တို့အဓိက လှုပ်ရှားနေတဲ့ နန်းမယ်ခုံမြို့ကနေ ယာယီဆုတ်ခွာခဲ့ရတယ်လို့ ကရင်နီအမျိုးသားများ ကာကွယ်ရေးတပ် (KNDF)က ပြောပါတယ်။

KNDF ပြောခွင့်ရသူက  “ ကျနော်တို့ အဲဒီနားလေး ခဏလေး ခွာလိုက်ရတဲ့ အနေအထားတခုတော့ ကျနော်တို့ ကြုံနေရတာပေ့ါ။ အကြောင်းအရင်းကဘာလဲဆိုရင် လေကြောင်းတိုက်ခိုက်မှုက နေ့တိုင်းလိုလိုဖြစ်တော့ နည်းနည်းလေး ခွာလိုက်ရတဲ့ အနေအထား တခုတော့ ရှိတယ်ဗျ။ ”

စစ်ကောင်စီတပ်ဖွဲ့တွေဟာ ဖေဖော်ဝါရီ ၁၆ ရက်နေ့ကစပြီး မိုးဗြဲကနေတဆင့် ဒီးမော့ဆိုဘက်ကို ထိုးစစ်ဆင်ဖို့  စစ်ကြောင်းသုံးကြောင်း အင်အား ၁၀၀ လောက် အသုံးပြုပြီး မြေပြင်ကော ဝေဟင်ပါ အင်အားအလုံးအရင်းနဲ့ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့တဲ့အတွက် မနေ့ညနေပိုင်းမှာ နန်းမယ်ခုံကနေ ဆုတ်ခွာပေးခဲ့ရတာလို့ ဆိုပါတယ်။

ဒ့ါအပြင် စစ်ကောင်စီစစ်ကြောင်းတွေ နန်းမယ်ခုံကနေဆင့် ဒီးမော့ဆိုမြို့ကို ဦးတည်ပြီး စစ်ကြောင်းထိုးနေကြောင်းလည်း KNDF ပြောခွင့်ရသူက ပြောပါတယ်။

" အဲသလို စစ်ကြောင်း ၃ ကြောင်းနဲ့ ထိုးတယ်ဆိုကတည်းကတော့ ဒါ ဒီးမော့ဆို အထိ ဦးတည်မယ့်အနေအထားမျိုးတော့ ကျနော်တို့တွေ့ရတယ်ဗျာ။ "

ကယား(ကရင်နီ) ပြည်နယ်မှာ ဇန်နဝါရီလ ၆ ရက်နေ့ကစပြီး လွိုင်ကော်မြို့ပေါ်မှာ တိုက်ပွဲတွေ စတင်ဖြစ်ပွားခဲ့ပြီး ရက်ဆက် ကြိုကြားကြိုးကြား တိုက်ပွဲတွေ ဖြစ်ပွားခဲ့ပါတယ်။

စစ်ကောင်စီဘက်ကတော့ ရှမ်းပြည်နယ်ကနေရော၊ ပြည်မဘက်က အင်အားတချို့ကို ထုတ်နုတ်ပြီး ကယား(ကရင်နီ) ပြည်နယ်ဘက်ကို စစ်အင်အား ၁၀၀၀ လောက် ပို့ဆောင်ပြီး အခု ဖေဖော်ဝါရီမှာ စတင်ထိုးစစ်ဆင်တာလို့ ကရင်နီအမျိုးသားကာကွယ်ရေးတပ် (KNDF) ဦးဆောင်ကော်မတီအဖွဲ့ဝင် အန်ယူဂျီရဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဒုဝန်ကြီး ခွန်းဘီထူးက ပြောပါတယ်။

လက်ရှိပြည်သူအများစုကို နေထိုင်တဲ့ နန်းမယ်ခုံကို ထိန်းချုပ်နိုင်ဖို့ အင်အားအများပြားအသုံးပြုပြီး ထိုးစစ်ဆင်ခဲ့တာဖြစ်ကြောင်းလည်း ခွန်းဘီထူးက ပြောပါတယ်။

"ပြည်သူလူထုတွေ အများဆုံးနေတဲ့ နန်းမယ်ခုံမြို့ဘက်ကို စစ်ကြောင်းတွေထိုး လာတယ်။ သူတို့ရဲ့အဓိက ရည်ရွယ်ချက်ကတော့ နန်းမယ်ခုံမြို့ဘက်ကို ပြန်ပြီးမှ ယူဖို့ ယူဆထားတာပေါ့နော်။ နန်းမယ်ခုံမှာ လူထုတွေ အများအပြားနေတယ်။ ဒီမြို့က လွိုင်ကော်မြို့ရဲ့ အနောက်ဘက်ခြမ်းမှာ ရှိပြီးမှ မိုးဗြဲကနေလည်း လာလို့ ရသလို ဒီးမော့ဆို ဘက်နေလည်း ဖြတ်တဲ့လမ်းရှိပါတယ်။ ဒီမြို့ကနေပြီးမှ လူထုတွေရဲ ပြည်သူရေး ကျန်းမာရေးလုပ်ဆောင်နေတဲ့ နေရာတနေရာလည်းဖြစ်တယ်။ အဲဒီနေရာကို စစ်ကောင်စီက တိုးချဲ့ပြီးယူဖို့ ကြိုးစားနေတဲ့လုပ်ရပ်လို့ကျနော်တို့ ယူဆတယ်။ "

မိုးဗြဲကနေ ဖေဖော်ဝါရီ ၁၆ ရက်နေ့ကတည်းက စတင်ဖြစ်ပွားတဲ့တိုက်ပွဲဟာ ဒီကနေ့အထိ တိုက်ပွဲ ဆက်လက်ဖြစ်ပွားနေပြီး မိုးဗြဲကနေ ဒီးမော့ဆိုမြို့နယ် နယ်မယ်ခုံအထိ တလျှောက်လုံး ကျေးရွာက ဒေသခံတွေ ထွက်ပြေးတိမ်း ရှောင်နေကြရပါတယ်။

"ကျနော်တို့ မိုးဗြဲအထွက် ဝါရီဆူးပလိုက်နေ ဒီးမော့ဆို အနောက်ဘက်ခြမ်းမှာ ရှိတဲ့လူတွေအားလုံးကတော့ လွတ်ရာ ကျွတ်ရာကို ထွက်ပြေးကြရတဲ့အနေအထားမျိုးကို ရောက်သွားပြီဗျာ။ "

ဒ့ါအပြင် လေကြောင်းနဲ့ပစ်ခတ်တိုက်လိုက်ရာမှာလည်း လူထုတွေ ရှိတဲ့နေရာကို ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူတွေ သေဆုံးတာ၊ နေအိမ်မီးလောင် ပျက်စီး တာတွေနဲ့ ရင်ဆိုင်ကြပါတယ်။

စစ်ကောင်စီပြန်ကြားရေးကတော့ ဒီတိုက်ပွဲနဲ့ပတ်သက်လို့ နမ့်မယ်ခုံဒေသကို အခြေပြုပြီး ကယားပြည်နယ် လွိုင်ကော်မြို့ မိုးဗြဲမြို့နဲ့ ဒီးမော့ဆိုမြို့တွေ တည်ငြိမ်အေးချမ်းရေးနဲ့ ဒေသခံပြည်သူလူထုရဲ့ အသက် အိုးအိမ် စည်းစိမ်ကို ဖျက်ဆီး နှောင့်ယှက်နေတဲ့ KNPP အဖွဲ့နဲ့ PDF တွေရဲ့ စခန်းကို သိမ်းပိုက်လိုက်တယ်လို့ ဒီကနေ့ သတင်းထုတ်ပြန်ပါတယ်။

လုံခြုံရေးတပ်ဖွဲ့ဝင်တွေက စစ်ဆင်ရေးနဲ့ နယ်မြေလုံခြုံရေး၊ နယ်မြေစိုးမိုးရေးအသွင်နဲ့ မိုးဗြဲ၊ ဝါရီဆူပလိုင်း၊ ဝီသဲခူ(တောင်)၊ ဝီသဲခူ(မြောက်)၊ ဘုရားဖြူ၊ ဘုရားနီမှတဆင့် စစ်ကြောင်းတွေခွဲ ဝင်ရောက်ကာ လက်နက်ကြီး ပစ်ကူနဲ့ လေကြောင်းပစ်ကူရယူပြီးတိုက်ခိုက်ခဲ့ရာမှာ KNPP အဖွဲ့နဲ့ PDF အခြေပြုတဲ့ နမ့်မယ်ခုံ၊ အိုကေကျေးရွာအပြင် အဓိက အခြေပြုသည့် ဆင်မတောင်၊ ဆင်ထီးတောင်နဲ့ ဘုရားကုန်း တစ်ဝိုက်တို့ကိုပါ ထိန်းချုပ်သိမ်းပိုက်နိုင်ခဲ့တယ်လို့လည်း စစ်ကောင်စီထုတ်ပြန်ချက်မှာ ဖော်ပြပါတယ်။

ဒေသတွင်းမှာ တိုက်ပွဲတွေ ၁၀ ဆက်တိုက်ပြင်းထန်စွာဖြစ်ပွားနေတဲ့ တိုက်ပွဲကြောင့် နစ်ဖက်ထိခိုက်ကျဆုံးမှုအများအပြားရှိခဲ့သလို အရပ်သားပြည်သူတွေ ထိခိုက်သေဆုံးမှုတွေလည်း ရှိနေပါတယ်။

https://burmese.dvb.no/archives/518971

-----------------------------------------------------------------------------------------

## နန်းမယ်ခုံတွင် စစ်ကောင်စီ လေကြောင်းတိုက်ခိုက်မှုများကြောင့် ထောင်ပေါင်းများစွာ ဘေးလွတ်ရာ တိမ်းရှောင်

By Reuters | 25 February 2022



*Photo - AFP*

ကရင်နီပြည်နယ်၌ စစ်ကောင်စီသည် မြေပြင်တပ်များ တပ်ဖြန့်ပြီး လက်နက်ကိုင်တပ်ဖွဲ့များကို လေကြောင်းနှင့် လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ကြောင်း မျက်မြင်များ၊ ပြည်တွင်းမီဒီယာများနှင့် အကူအညီပေးရေး အဖွဲ့များက ကြာသပတေးနေ့တွင် ပြောပြီး ယင်းသို့ စစ်ကောင်စီ၏ တိုက်ခိုက်မှုများကြောင့် ပြည်သူထောင်ပေါင်းများစွာ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ကြရသည်။

ထိုင်းနိုင်ငံနှင့် နယ်စပ်ဖြစ်ပြီး ကရင်နီအမျိုးသားကာကွယ်ရေးတပ် KNDF တို့ စစ်ကောင်စီကို လပေါင်းများစွာ တွန်းလှန်တိုက်ခိုက်နေရာ ကရင်နီပြည်နယ် နန်းမယ်ခုံရွာကို ဒုတိယမြောက်နေ့အဖြစ် တိုက်ခိုက်မှုများ ဆင်နွှဲလာခြင်း ဖြစ်သည်။

အဆိုပါ တိုက်ခိုက်မှုများနှင့် ပတ်သက်ကာ ကြာသပတေးနေ့အထိ စစ်ကောင်စီထံ ထင်မြင်ချက်ပေးရန် ဆက်သွယ်ရေး မရသေးသကဲ့သို့ နိုင်ငံပိုင်မီဒီယာကလည်း ယင်း တိုက်ပွဲများအကြောင်း ထုတ်ပြန်ခြင်း မရှိပေ။

အနီးနားတွင် လက်နက်ကြီး ပေါက်ကွဲသံများ ကြားရခြင်းနှင့်အတူ ကျေးရွာတွင် အိမ်ခြေများ မီးလောင်နေသည့် ဗီဒီယိုကို ယင်းဒေသ၌ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသော Free Burma Rangers အဖွဲ့က ထုတ်ပြန်သည်။

"ဒီနေ့ ဖေဖော်ဝါရီ ၂၄ ရက်မှာလည်း ဗုံးတွေ ကြဲလာပြန်တယ်၊ မော်တာကျည် ပစ်ခတ်တာတွေနဲ့ ခြေလျင်တပ် တိုက်ခိုက်တာတွေကြောင့် ထောင်ပေါင်းများစွာ ဘေးလွတ်ရာ ပြေးရှောင်ရပြန်တယ်"ဟု ယင်းအဖွဲ့ကို တည်ထောင်သူ David Eubank က မက်ဆေ့ချ်ရေးသားပေးပို့သည်။

ဗုဒ္ဓဟူးနေ့က လူနှစ်ဦး သေဆုံးပြီး သုံးဦး ထိခိုက်ဒဏ်ရာရသည်ဟု Eubank က ဆိုသည်။

သေဆုံးသည့် သတင်းကို KNDF ကိုယ်စားလှယ်တစ်ဦးက အတည်မပြုနိုင်သော်လည်း ဗုဒ္ဓဟူးနေ့မှစပြီး ပြင်းထန်သည့် တိုက်ပွဲများ ဖြစ်ပွားပေါ်ပေါက်သည်ဟု ပြောသည်။ ယခု သတင်းနှင့်ပတ်သက်ပြီး ရိုက်တာအနေဖြင့် လွတ်လပ်စွာ အတည်ပြုနိုင်ခြင်း မရှိပေ။

စစ်တပ်သည် ၂၀၁၁ ခုနှစ်အထိ ဆယ်စုနှစ် ငါးစုကျော် မြန်မာနိုင်ငံအား အုပ်ချုပ်ခဲ့သော်လည်း ယခုအချိန်တွင်မူ မြို့များ၌ ဆန္ဒပြသူမှုများ၊ အရပ်ဒေသအချို့၌ လက်ကိုင်ကိုင် တွန်းလှန်မှုများနှင့် စစ်ဗိုလ်ချုပ်ကြီးများအား ပစ်မှတ်ထား ဒဏ်ခတ်ပိတ်ဆို့မှုများကြားတွင် အာဏာ ခိုင်မြဲတောင့်တင်းရေးအတွက် ရုန်းကန်ရလျက် ရှိသည်။

https://www.mizzimaburmese.com/article/100380

-----------------------------------------------------------------------------------

## ကယား(ကရင်နီ)ပြည်နယ်တွင် စစ်ဘေးရှောင် ၉၁,၉၀၀ ခန့်ရှိလာ၊ ဆေးဝါး၊ ရေနှင့် အစားအစာ အကူအညီလိုအပ်နေ

Published By DVB | 25 February, 2022

ကယား(ကရင်နီ)ပြည်နယ်မှာ  စစ်ကောင်စီတပ်တွေနဲ့  PDF တိုင်းရင်းသားလက်နက်ကိုင် ပူးပေါင်းတပ်တွေအကြား တိုက်ပွဲတွေ ပြင်းထန် ဆက်လက်ဖြစ်ပွားနေပြီး  နေရပ်စွန့်ခွာလာရ

လူဦးရေ ၉၁,၉၀၀ လောက်ရှိသွားပြီလို့ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ရဲ့ ဖေဖော်ဝါရီ ၂၂ ရက်ထုတ်ပြန်ချက်အရ သိရပါတယ်။



အခုရက်ပိုင်းအတွင်းတိုက်ပွဲတွေကြောင့် ကယားပြည်နယ်မြို့တော် လွိုင်ကော်မြို့နယ်က နေရပ်ပြန်သူ ၂၀၀ လောက်ဟာလည်း နီးစပ်ရာတောထဲသို့ ထပ်မံတိုက်ပွဲရှောင်ထွက်ပြေးခဲ့ရ တယ်လို့လည်း ဆိုပါတယ်။

ဒီမောဆို၊ ဖရူဆိုနဲ့ လွိုင်ကော်မြို့နယ်တွေမှာ လျှပ်စစ်မီး၊ ရေ၊ အင်တာနက်နဲ့ မိုဘိုင်းဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းတွေဟာ ပြီးခဲ့တဲ့လတွေကတည်းက ပြတ်တောက်နေပြီး လူသားချင်းစာနာမှုလုပ်ငန်းဆောင်ရွက်သူတွေအနေနဲ့ အရေးပေါ် အကူအညီတွေပေးအပ်နိုင်ဖို့ ပဋိပက္ခဒဏ်ခံစားရတဲ့ ဒေသတွေသို့ သွားလာခွင့် ချက်ချင်းရရှိဖို့ လိုအပ်တယ်လို့ UNHCR က ဆိုပါတယ်။

ဖေဖော်ဝါရီ ၁၅ ရက်က ပြည်သူ့ကာကွယ်ရေးတပ်နဲ့ စစ်ကောင်စီတပ်တို့အကြား တကြော့ပြန် စစ်ပွဲကြောင့် မိုးဗြဲနဲ့ ဖယ်ခုံမှာ တိုက်ပွဲပြင်းထန်ခဲ့ပြီး အနီးအနားကျေးရွာတွေက ပြည်သူတွေ ရွာလုံးကျွတ် စစ်ဘေးရှောင်နေရသလို မြို့အတွင်း၊ ရွာအတွင်း ပိတ်မိတဲ့ပြည်သူတွေလည်းရှိပါတယ်။



စစ်ကောင်စီဘက်က လက်နက်ကြီးတွေနဲ့ပစ်ခတ် တိုက်လေယာဉ်တွေ ရဟတ်ယာဉ်တွေသုံးပြီး လေကြောင်းကနေ ပုံးကြဲတိုက်ခိုက်ခဲ့လို့ ဖေဖော်ဝါရီလ ၁၈ ရက်က မိုးဗြဲ အပါအဝင် ဝါရီဆူပလိုင် ကျေးရွာသူ ရွာသားတွေ ထောင်နဲ့ချီ ဘေးလွတ်ရာကို ထွက်ပြေး တိမ်းရှောင်နေကြရတယ်လို့ စစ်ဘေးရှောင်တွေကို ကူညီပေးနေသူတွေထံက သိရပါတယ်။

အိမ်ခြေ ၂၀၀ ကျော်ရှိတဲ့မိုးဗြဲအနီးနား ဝါရီဆူပလိုင်ကျေးရွာဆိုရင် အိမ်ခြေ ၇၀ ခန့် စစ်ကောင်စီတပ်က မီးရှို့ ဖျက်ဆီးခံရလို့ ရွာသားတွေဟာ သူတို့ရဲ့ ဆွေမျိုးတွေဆီ စစ်ရှောင်ရသလို တချို့ရွာသား တောတောင်တွေမှာ စစ်ဘေးရှောင်နေရပါတယ်။

ကရင်နီပြည်နယ်အတွင်းတိုက်ပွဲတွေကြောင့် စစ်ဘေးရှောင်တွေဟာ ဆီဘူး၊ တောင်ကြီး၊ ဆီဆိုင်၊ ဆိုက်ခေါင် ၊ ပင်လောင်းနဲ့ အနောက်ကယန်းကျေးရွာတွေမှာလည်း သွားရောက် တိမ်းရှောင်နေရပါတယ်။

ရှမ်း-ကယားနယ်စပ် ဖယ်ခုံမြို့နယ်တစ်ခုတည်းမှာ စစ်ဘေးရှောင် မိသားစုပေါင်း ၁၀၀၀ ကျော် လူပေါင်း ၄၀၀၀ ကျော်လောက်လောက်ရှိတယ်လို့ မိုးဗြဲစစ်ဘေးရှောင် အကူအညီပေးတဲ့အဖွဲ့တွေ ဆီက သိရပါတယ်။

မိုးဗြဲနဲ့ အနီးအနား ပိတ်မိတဲ့ ရွာသားတွေဟာ ဆေးဝါး၊ သောက်သုံးရေ၊ အစားအသောက်ရှားပါးမှု၊ ကုန်စျေးနှုန်းကြီးမြင့်မှုနဲ့ အနွေးထည်၊ စောင်တွေ၊ အဝတ်အထည်တွေ နေရာထိုင်ခင်းလိုအပ်ချက်တွေနဲ့ ရင်ဆိုင်နေတယ်လို့ အကူအညီပေးရေးအဖွဲ့တွေက ပြောပါတယ်။

လက်ရှိမှာလည်း နေ့စဉ်တိုက်ပွဲတွေ ဆက်ဖြစ်နေတာကြောင့် စစ်ဘေးရှောင်တွေ တနေ့တခြားများပြားလာပြီး နေရာလုံခြုံမှုမရှိတာ၊ စစ်ဘေးရှောင်ကလေးတွေ၊ သက်ကြီးရွယ်အိုတွေနဲ့ အမျိုးသမီးတွေ ရုပ်ပိုင်းဆိုင်ရာနဲ့ စိတ်ပိုင်းဆိုင်ရာ ထိခိုက်တွေကို လည်း ကုစားဖို့ လိုအပ်နေတယ်လို့လည်းဆိုပါတယ်။

စစ်ဘေးဒုက္ခသည်အတွက် Safety Zone တွေ လိုအပ်နေသလို လူသားချင်းစာနာမှုဖြစ်တဲ့ ပြည်တွင်း၊ ပြည်ပနဲ့ နိုင်ငံတကာ အကူအညီလိုအပ်နေတယ်လို့လည်း အကူအညီပေးရေး အဖွဲ့တွေက ပြောပါတယ်။

မြန်မာနိုင်ငံမှာ စစ်တပ်အာဏာသိမ်းတဲ့ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလကတည်းက ကယားပြည်နယ်မှာ နေရပ်စွန့်ခွာလာရသူ လူဦးရေ ၉၁,၉၀၀ ခန့်၊ ကရင်ပြည်နယ်မှာ ၇၁,၈၀၀၊ ရှမ်းပြည်နယ်တောင်ပိုင်းမှာ

၅၁,၈၀၀၊ မွန်ပြည်နယ်မှာ ၇,၅၀၀၊ တနင်္သာရီတိုင်းမှာ ၂,၆၀၀ နဲ့ ပဲခူးတိုင်းမှာ ၈၀၀ ခန့် အပါအဝင် နိုင်ငံတဝန်း အိုးအိမ်စွန့်ခွာထွက်ပြေးရသူဦးရေ ၈၂၃,၄၀၀ လောက် ရှိသွားပြီလို့ နောက်ဆုံးထုတ်ပြန်ထားတဲ့ UNHCR ကိန်းဂဏန်းတွေအရသိရပါတယ်။

https://burmese.dvb.no/archives/518944

------------------------------------------------------------------------------------------

## ဖလမ်းမြို့နယ်တိုက်ပွဲတွင် စစ်ကောင်စီတပ်က ၁၀ ဦးသေဆုံး

Published By DVB | 25 February, 2022




ချင်းပြည်နယ် ဖလမ်းမြို့နယ်မှာ ဖေဖော်ဝါရီလ ၂၄ ရက်နေ့က ဖြစ်ပွားခဲ့တဲ့ တိုက်ပွဲအတွင်းမှာ စစ်ကောင်စီဘက်က ၁၀ ယောက်လောက်သေဆုံးပြီး အများအပြား ဒဏ်ရာရရှိသွာတယ်လို့ CNO/CNDF ကနေ သိရပါတယ်။

ဖလမ်းမြို့နယ်ထဲကို မနေ့က ရိက္ခာပို့ဖို့လာတဲ့ စစ်ကောင်စီယာဉ်တန်း အစီး ၃၀ ကို ထင်းရှူးစခန်းကျေးရွာနားမှာ CNDF တပ်ဖွဲ့က ပစ်ခတ်တိုက်ခိုက်ခဲ့တာလို့ CNDF ရဲ့ ပြန်ကြားရေးတာဝန်ခံက ပြောပါတယ်။

နှစ်ဖက်တိုက်ပွဲ့အတွင်းမှာ စစ်ကောင်စီတပ်ဘက်က လက်နက်ကြီး လက်နက်ငယ်တွေနဲ့ ပြန်လည်ပစ်ခတ်ပေမယ့် CNDF က ရဲဘော်တွေ အထိခိုက်အကျဆုံးမရှိဘဲ ဆုတ်ခွာနိုင်ခဲ့တယ်လို့ ဆိုပါတယ်။

ဖလမ်းမြို့နယ်မှာ ဖေဖော်ဝါရီ ၁၂ ရက်နေ့ကလည်း ခလရ ၂၆၈ က စစ်ကောင်စီတပ်သားတွေ မိုင်းဆွဲတိုက်ခိုက်ခံရတာကြောင့် ၃ ယောက်သေဆုံးပြီး အများအပြားဒဏ်ရာရရှိသွားတယ်လို့ သိရပါတယ်။

စစ်ကောင်စီတပ်တွေဟာ စစ်ကြောင်းထိုးရာ လမ်းကြောင်းတစ်လျှောက်မှာ ဒေသခံပြည်သူတွေကို မတရားဖမ်းဆီးသတ်ဖြတ်တာတွေ၊ နေအိမ်တွေကို မီးရှို့ ဖျက်ဆီးတာတွေ၊ ပြည်သူတွေ မွေးမြူထားတဲ့ အိမ်မွေးတိရစ္ဆာန်တွေကို သတ်ဖြတ်စားသောက်သလို နေအိမ်တွေက ပစ္စည်းတွေနဲ့ ငွေကြေးတွေ ခိုးယူတာတွေ ဆက်တိုက်ကျူးလွန်နေတယ်လို့ ဒေသခံတစ်ယောက်က ပြောပါတယ်။

နှစ်ဖက်တိုက်ပွဲတွေနဲ့ ပတ်သက်လို့တော့ ထိခိုက်သေဆုံးတဲ့ အခြေနေကိုတော့ စစ်ကောင်စီဘက်က သတင်းထုတ်ပြန်ထားတာမတွေ့ရသေးပါဘူး။

https://burmese.dvb.no/archives/518935

------------------------------------------------------------------------------------------

## ဒု-ဗိုလ်မှူးကြီးနှစ်ဦး ဒီမိုကရေစီ အင်အားစုတွေနဲ့ လာရောက်ပူးပေါင်း

**ခင်မောင်စိုး (ဝါရှင်တန်ဒီစီ)** | 2022.02.25



၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့က ရန်ကုန်မြို့တွင် တွေ့ရသော စစ်ကောင်စီတပ်သားများ။ Photo: AFP

ပြီးခဲ့တဲ့တစ်ပတ်အတွင်း စစ်ကောင်စီကို ဆန့်ကျင်တဲ့ ဒု ဗိုလ်မှူးကြီး နှစ်ဦး လွတ်မြောက်နယ်မြေတွေကို ရောက်ရှိလာခဲ့တယ်လို့ သိရပါတယ်။ တဦးက ကြည်းတပ်က တပ်မှူးတဦးဖြစ်ပြီး နောက်တစ်ဦးကတော့ ကြည်းတပ်က မဟုတ်ဖူးလို့ ဆိုပါတယ်။ ဒါဟာ

မနှစ်က ဖေဖော်ဝါရီလ စစ်တပ် အာဏာသိမ်းပြီးနောက်ပိုင်း CDM အာဏာဖီဆန်ရေးမှာ ပါဝင်လာခဲ့တဲ့ ကြည်းရေလေတပ်ဖွဲ့ဝင်တွေနဲ့ ရဲဝန်ထမ်းတွေထဲမှာ ရာထူးအမြင့်ဆုံးက ဗိုလ်မှူးအထိပဲ ရှိခဲ့ရာကနေ ပထမဆုံးအကြိမ် ဒု-ဗိုလ်မှူးကြီးအဆင့်တွေ ပါဝင်လာခြင်းပါပဲ။

ပြည်သူ့စစ်သားအဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ဗိုလ်ကြီး ညီသုတက အခုလို ဒု ဗိုလ်မှူးကြီး နှစ်ဦး စစ်ကောင်စီကို ဆန့်ကျင်ပြီး ပြည်သူ့ဘက် ကူးပြောင်းလာမှုကို အတည်ပြုရင်း စစ်တပ်ကို ထပ်မံစွန့်ခွာလာမယ့် အဆင့်မြင့်အရာရှိတွေ ရှိနေတယ်လို့ RFA ကိုပြောပါတယ်။

**“ဒုတိယဗိုလ်မှူးကြီးအဆင့် နှစ်ဦး စစ်တပ်ကနေ စွန့်ခွာတယ်ဆိုတာကိုတော့ ကျနော်တို့ အတည်ပြုလို့ရပါတယ်။ ပထမဆုံး နွေဦးစတင်တဲ့ အချိန်တုန်းကတော့ captainနဲ့ တခြားအဆင့်တွေပဲ ပြည်သူ့ဘက်ကို ရပ်တည်ရတဲ့ အနေအထားပေါ့။ ရာထူးကြီးတဲ့သူတွေ အနေနဲ့ကလည်း အများကြီး ချိန်ဆရတဲ့ အပိုင်းတွေလည်း ရှိပါတယ်။ ဒီလူတွေကလည်း လပေါင်းများစွာ စီစဉ်တိုင်ပင်ပြီးတော့မှ လုပ်ရတာ ဖြစ်ပါတယ်။ လုံခြုံရေးအရ ကျနော်တို့ ထုတ်ပြောလို့မရပေမဲ့ သူတို့ထက် ရာထူးမြင့်တဲ့ ဗိုလ်မှူးကြီးနဲ့ အဲဒီအထက်ပိုင်းတွေတောင်မှ ပြည်သူ့ဘက်ရပ်တည်ဖို့ စဉ်းစားနေတာတွေ ကျနော်တို့ သိရှိထားပါတယ်”**

အခုလို ဒု ဗိုလ်မှူးကြီး နှစ်ဦး လွတ်မြောက်နယ်မြေရောက်ရှိလာတာကို CDM မှာ ပါဝင်နေတဲ့ တခြား တပ်မတော်အရာရှိတချို့ကလည်း အတည်ပြု ပြောဆိုကြပေမယ့် လုံခြုံရေးအရ အဲဒီသူတွေရဲ့ မူလတာဝန်နဲ့ အမည်စတဲ့ အသေးစိတ် အချက်အလက်တွေကို လတ်တလော ထုတ်ဖော်ပြောကြားဖို့ ငြင်းဆိုကြပါတယ်။ လက်ရှိ ဒုဗိုလ်မှူးကြီးနှစ်ဦးအပြင် နောက်ထပ် ဒု ဗိုလ်မှူးကြီးတဦးလည်း စစ်ကောင်စီကိုဆန့်ကျင်ပြီး ထွက်ခွာလာခဲ့ပေမယ့် တော်လှန်ရေးအဖွဲ့အစည်းတွေကို အခုအချိန်အထိ အဆက်အသွယ်ပြုလုပ်ခြင်း မရှိဘူးလို့လည်း အဲဒီ CDM အရာရှိတချို့က ပြောပါတယ်။

ဒီလလယ်ပိုင်းကလည်း လေတပ်က လေယာဉ်မှူးတဦးဖြစ်တဲ့ ဗိုလ်ကြီး ဇင်သူအောင် ဆိုသူဟာ သူ့မိသားစုနဲ့အတူ ကယားပြည်နယ်မှာ ဒီမိုကရေစီ ပြန်လည်ရရှိရေးလှုပ်ရှားနေတဲ့အဖွဲ့တွေကို ဆက်သွယ်ပြီး CDM မှာ ပါဝင်လာခဲ့ပါတယ်။ သူကတော့ ပထမဆုံး CDM လေယာဉ်မှူးဖြစ်ပါတယ်။ ဗိုလ်ကြီး ညီသုတ ကတော့ အာဏာသိမ်းပြီး တနှစ်အကြာမှာ အခုလို အဆင့်မြင့်အရာရှိတွေ ပါဝင်လာမှုကို ထောက်ပြရင်း ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်တဲ့ စစ်ကောင်စီအနေနဲ့ သူ့လက်အောက်ခံတပ်ဖွဲ့တွေကို ထိန်းသိမ်းဖို့အတွက် တစ်နေ့တခြား အခက်ကြုံနေရပြီဆိုတာ ထင်ရှားတယ်လို့ ဝေဖန်ပါတယ်။

**“ဒါတွေက ဘာပြနေသလဲဆိုရင် စစ်ကောင်စီတပ်ထဲမှာ ရှိနေတဲ့ တပ်မှူးတွေ ရာထူးကြီးတဲ့သူတွေကအစ စစ်ကောင်စီရဲ့ ခေါင်းဆောင်မှုအပေါ်မှာ ယုံကြည်မှု နည်းလာတာကို ပြသနေတယ်ခင်ဗျ။ သူတို့အနေနဲ့ စစ်ကောင်စီရဲ့ လုပ်ရပ်တွေက မမှန်ကန်ဘူး၊ တပ်မတော်ရဲ့အနာဂတ် ပျောက်ဆုံးနေပြီ ဆိုတာ သူတို့ ကောင်းကောင်း နားလည်တဲ့ အနေအထားမျိုးပါ။ တချို့က အရှေ့ကဘယ်သူလုပ်မလဲ လုပ်တဲ့သူ ရှိပါ့မလားဆိုတဲ့ ချိန်ဆမှုမျိုးတွေ ရှိတယ်။ အဲလိုချိန်ဆသူတွေအတွက် ကြီးမားတဲ့သက်ရောက်မှုတခု ဖြစ်ပါလိမ့်မယ်။ တပ်မတော်အနေနဲ့ သိက္ခာပြန်ဆယ်ဖို့အတွက်က တပ်တွင်းမှာ ထမ်းဆောင်နေတဲ့ စစ်သည်တွေ၊ အရာရှိတွေ၊ အထူးသဖြင့် တပ်မှူးတွေ ရာထူးကြီးတဲ့ကိုယ်တိုင်က စစ်ကောင်စီကို ပြန်ဆန့်ကျင်ဖို့ ဒီတနည်းပဲ ရှိတယ်။ ဒါကို နားလည်လာတဲ့ တပ်မှူးတွေ ရာထူးကြီးသူတွေ ပိုများလာတာဟာ နွေဦးတော်လှန်ရေး အောင်မြင်ဖို့အတွက် အင်မတန် ကြီးမားတဲ့ တွန်းအားတွေပဲ ခင်ဗျ”**

အခုလို ဒု ဗိုလ်မှူးကြီး နှစ်ဦး ပြည်သူ့ဘက် ကူးပြောင်းလာမှုကို NUG အမျိုးသားညီညွတ်ရေးအစိုးရ ပြည်သူ့ရင်ခွင် ခိုလှုံရေးအစီအစဉ် အကောင်အထည်ဖော်မှုကော်မတီ အတွင်းရေးမှူးအဖွဲ့ဝင် ဦးနေဘုန်းလတ် က ကြိုဆိုလိုက်ပါတယ်။

**“အခုရှိသမျှထဲမှာတော့ ဒါ အမြင့်ဆုံး ဖြစ်ပါတယ်၊ အဲဒီအတွက် ကျနော်တို့အနေနဲ့ ကြိုဆိုတယ်၊ တချို့ကျတော့လဲ အခက်အခဲမျိုးစုံကြောင့် မထွက်လာနိုင်သေးဘဲနဲ့ အထဲကနေဘဲ တော်လှန်ရေးကို အားဖြည့်ကူညီနေတာတွေ အများကြီးရှိတယ်၊ အဲဒီသူတွေကိုလဲ ကျေးဇူးတင်ပါတယ်။ တပ်မတော်သားတွေ နဲ့ ရဲတွေ ပြည်သူ့ရင်ခွင် ခိုလှုံမှုများလာလေလေ တော်လှန်ရေးက သွေးထွက်သံယိုနည်းနည်းနဲ့ အောင်မြင်မှု ပိုနီးစပ်လေဘဲ လို့ ကျနော်တို့ ခံယူထားတယ်။ အဲဒါကြောင့်မို့ NUG အနေနဲ့လည်း**

**ပြည်သူ့ရင်ခွင်ခိုလှုံရေးအစီအစဉ် အကောင်အထည်ဖော်မှုကော်မတီဆိုပြီး ဝန်ကြီးချုပ် ကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်နေတာတွေ ရှိပါတယ်။ တပ်မတော်သားတွေ ဖြစ်ဖြစ် ရဲတွေပဲ ဖြစ်ဖြစ် အခုဆိုရင် အားလုံးလဲ ဘယ်သူကမှန်လဲ ဘယ်သူကမှားလဲ သိနေပြီမို့ အမြန်ဆုံး ပြည်သူ့ရင်ခွင်ခိုလှုံကြပါလို့ ကျနော် တိုက်တွန်းချင်ပါတယ်ခင်ဗျ”**

သူတို့ကို လက်ရှိမှာ သက်ဆိုင်ရာအဖွဲ့အစည်းတွေက ကူညီပေးနေပြီး ဒီအဆင့်မြင့်အရာရှိတွေဟာ အာဏာသိမ်းစစ်ခေါင်းဆောင်တွေကို လူ့အခွင့်အရေးချိုးဖောက်မှုတွေ၊ လူမျိုးတုံး သတ်ဖြတ်မှုတွေနဲ့ စပ်လျဉ်းပြီး နိုင်ငံတကာအဖွဲ့အစည်းတွေက အရေးယူအပြစ်ပေးရေးအတွက် အရေးပါတဲ့ သက်သေတွေ ဖြစ်လာနိုင်တယ်လို့ နိုင်ငံရေးလေ့လာသူတွေက ပြောပါတယ်။

အခုနောက်ဆုံးထွက်လာတဲ့ စစ်တပ်အရာရှိတွေနဲ့ ပတ်သက်ပြီး စစ်ကောင်စီပြောခွင့်ရ ဗိုလ်ချုပ်ဇော်မင်းထွန်းကို RFA ဆက်သွယ်လို့ မရသေးပါဘူး။

https://www.rfa.org/burmese/news/higher-ranking-officers-to-join-cdm-02252022165515.html

------------------------------------------------------------------------------------------

## ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားတို့က မြန်မာစစ်တပ်ကို စစ်လက်နက်များ ထောက်ပံ့ပေးနေ

Published By win lwin | 25 February, 2022




အာဆီယံနိုင်ငံတွေဖြစ်တဲ့ ဖိလစ်ပိုင်နဲ့ အင်ဒိုနီးရှားတို့က မြန်မာအာဏာသိမ်းစစ်ကောင်စီကို စစ်လက်နက်တွေ ထောက်ပံ့ပေးနေတာကြောင့် မြန်မာစစ်တပ်ရဲ့ ရက်စက်ကြမ်းကြုတ်တဲ့ စစ်ရာဇဝတ်မှုတွေမှာ ကြံရာပါနိုင်ငံတွေဖြစ်တယ်လို့ Justice For Myanmar က ဖေဖော်ဝါရီ ၂၅ ရက်မှာ ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။

Justice For Myanmar ရဲ့ စုံစမ်းဖော်ထုတ်တွေ့ရှိချက်အရ မြန်မာစစ်တပ်က ရိုဟင်ဂျာတွေအပေါ် လူမျိုးတုံးသတ်ဖြတ်မှု စစ်ဆင်ရေး စတင်ခဲ့တဲ့ ၂၀၁၇ ခုနှစ်၊ သြဂုတ်လအတွင်းမှာ ဖိလစ်ပိုင်နိုင်ငံမှ စစ်လက်နက်ထုတ်လုပ်သူ United Defense Manufacturing Corporation (UDMC) က ၄၅၀ ကီလိုရှိ စစ်လက်နက်တွေကို မြန်မာနိုင်ငံဆီ တင်ပို့ခဲ့တယ်လို့ ဆိုပါတယ်။

အဆိုပါလက်နက်တွေ ရောင်းချမှုမတိုင်မီမှာ ဖိလစ်ပိုင်နိုင်ငံမှ စစ်လက်နက်ထုတ်လုပ်သူ UDMC က နည်းပညာလွှဲပြောင်းမှုတွေ ပေးအပ်ခဲ့တဲ့အပြင် စစ်လက်နက်ထုတ်လုပ်ရေးမှာ မြန်မာစစ်တပ်နဲ့ ပူးပေါင်းပြီး စီးပွားရေးဆက်ဆံမှုတရပ် ထူထောင်ဖို့အတွက်လည်း နှစ်ပေါင်းများစွာကတည်းက လုပ်ဆောင်ခဲ့တာတွေ့ရတယ်လို့ ဖော်ထုတ်ထားပါတယ်။

အလားတူ အင်ဒိုနီးရှားနိုင်ငံမှ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဖြစ်တဲ့ PT. Pindad ကလည်း ပြီးခဲ့တဲ့ ၂၀၂၀ ခုနှစ်က မြန်မာနိုင်ငံဆီ ကျည်ဆန်တွေ တင်ပို့ခဲ့တာရှိပါတယ်။ ဒီ့အပြင် PT. Pindad မြန်မာစစ်ကောင်စီလက်အောက်ခံ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဝင်းရှိန်ရဲ့ သားဖြစ်သူ ထူးထူးရှိန်ဦး ပိုင်ဆိုင်တဲ့ စစ်လက်နက်ပွဲစားကုမ္ပဏီ True North ကုမ္ပဏီနဲ့ အင်ဒိုနီးရှားနိုင်ငံမှ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဖြစ်တဲ့ PT. Pindad တို့အကြားမှာ ပူးပေါင်းဆောင်ရွက်ဖို့ သဘောတူညီချက် တရပ်ရရှိထားပါတယ်။

ဒါကြောင့် တရားမဝင် စစ်ကောင်စီနဲ့ သူတို့ရဲ့ မိတ်ဖက်စီးပွားရေးလုပ်ငန်းတွေထံ ငွေပေးချေမှုအားလုံးကို ချက်ချင်း ရပ်ဆိုင်းပေးဖို့နဲ့ အာဆီယံဒေသတွင်းနိုင်ငံတွေက စီးပွားရေးလုပ်ငန်းတွေအနေနဲ့လည်း စဉ်ဆက်မပြတ် လူ့အခွင့်အရေး ဆိုင်ရာလိုက်နာရမယ့် ပြဋ္ဌာန်းချက်တွေအတိုင်း လုပ်ဆောင်ကြဖို့လိုအပ်ပြီး

မြန်မာစစ်ကောင်စီနဲ့ သူ့ရဲ့ စီးပွားရေးလုပ်ငန်းတွေအတွက် အခွန်ငွေရင်းမြစ်ပေးဆောင်တာ မပြုကြဖို့ Justice For Myanmar က အာဆီယံနိုင်ငံတွေရဲ့ အစိုးရတွေကို တောင်းဆိုလိုက်ပါတယ်။

အာဆီယံနဲ့ မိတ်ဖက်နိုင်ငံတွေဖြစ်တဲ့ ဩစတြေးလျ၊ ဂျပန်၊ တောင်ကိုးရီးယား၊ ယူကေ၊ ကနေဒါ၊ ဥရောပသမဂ္ဂ အပါအဝင် တခြားသောနိုင်ငံတွေအနေနဲ့ တရားမဝင်စစ်ကောင်စီရဲ့ စီးပွားရေး လုပ်ငန်းတွေနဲ့ မိတ်ဖက်တွေအပေါ် ပစ်မှတ်ထား ဒဏ်ခတ်ပိတ်ဆို့မှုတွေ ချမှတ်ဖို့ လိုတဲ့အပြင် အကြမ်းဖက်စစ်တပ်ကို ငွေကြေးဆက်လက်ထောက်ပံ့ခြင်းမရှိစေဖို့ အာဆီယံဒေသတွင်းမှအစိုးရအသီးသီးကို ဖိအားပေးကြဖို့ Justice For Myanmar က တိုက်တွန်းထားပါတယ်။

အလားတူ အာဆီယံဒေသတွင်း နိုင်ငံတနိုင်ငံဖြစ်တဲ့ စင်ကာပူနိုင်ငံဟာလည်း မြန်မာအာဏာသိမ်းစစ်ကောင်စီရဲ့ စီးပွားရေးလုပ်ငန်းအတွက် ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုပေးနေပြီး  မြန်မာစစ်တပ်ရဲ့ ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုတွေမှာ ကြံရာပါ ပတ်သက်နေတယ်လို့ Justice For Myanmar က မကြာသေးခင်က ထုတ်ပြန်ထားပါတယ်။

https://burmese.dvb.no/archives/518926

------------------------------------------------------------------------------------------

## ရက် ၂၀ အတွင်း KNU နယ်မြေ၌ တိုက်ပွဲ ၆၇ ကြိမ်ဖြစ်ပွား၊ စစ်ကောင်စီတပ်က ၂၂၇ ဦးသေဆုံး

Published By DVB | 25 February, 2022



ကရင်အမျိုးသားအစည်းအရုံး (KNU) ကော်သူးလေအုပ်ချုပ်နယ်မြေတွေမှာ ရက် ၂၀ အတွင်း စစ်ကောင်စီနဲ့ တိုက်ပွဲပေါင်း ၆၇ ကြိမ်ဖြစ်ပွားခဲ့ရာ စစ်ကောင်စီတပ်က ၂၂၇ ဦးသေဆုံးပြီး ၁၅၉ ဦးဒဏ်ရာရရှိခဲ့တယ်လို့ ဖေဖော်ဝါရီ ၂၄ ရက်မှာ ကေအန်ယူက ထုတ်ပြန်ပါတယ်။

ဖေဖော်ဝါရီ ၁ ရက်မှ ၂၀ ရက်နေ့အထိ စစ်ကောင်စီရဲ့တပ်၊ နယ်ခြားစောင့်တပ် (BGF) တပ်တွေနဲ့ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)၊ ကရင်အမျိုးသားကာကွယ်ရေးတပ် (KNDO) တို့ တိုက်ပေါင်း ၆၇ ကြိမ်ဖြစ်ပွားခဲ့ပြီး KNLA၊ KNDO တပ်ဘက် တိုင်းပြည်နဲ့လူမျိုးအတွက် ၅ ဦး အသက်စွန့်ခဲ့ရပြီး ၂၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။

စစ်ကောင်ရဲ့တပ်နဲ့ BGF ပူးပေါင်းတပ်တွေက မြေပြင်ကနေ လက်နက်ကြီးနဲ့ပစ်ခတ်တာ၊ လေကြောင်းကနေ ပုံးကြဲတိုက်ခိုက်တာတွေကြောင့် အရပ်သားပြည်သူ ၄ ဦး သေဆုံးပြီး ၁၈ ဦး ထိမှန်ဒဏ်ရာရရှိခဲ့တဲ့အပြင် နေအိမ်တွေပါ ထိခိုက်ပျက်စီးခဲ့သလို ကျေးရွာတချို့က အရပ်သားပြည်သူတွေ ဘေးလွတ်ရာ တောတောင်တွေထဲ ထွက်ပြေးတိမ်းရှောင် ခိုလှုံခဲ့ရပါတယ်။

KNU တပ်မဟာ ၁ ဒူးသထူခရိုင်၊ ဘားအံမြို့နယ်၊ ကျိုက်ထိုမြို့နယ်နဲ့ သထုံမြို့နယ်တွေအတွင်း စစ်ကောင်စီရဲ့တပ်နဲ့ BGF တပ်ရင်း ၁၀၁၄ တပ်တွေက အရပ်သားပြည်သူတွေနေထိုင်ရာ ကျေးရွာနဲ့ လုပ်ငန်းခွင်တွေအတွင်းကို မကြာခဏ လက်နက်ကြီးနဲ့ ရမ်းသမ်းပစ်ခတ်ခဲ့တဲ့အပြင် အပြစ်မဲ့ပြည်သူတွေကို ခြောက်လှန့်ပြီး ငွေကြေးအတင်းအဓမ္မတောင်းယူတာ၊ အစားအစာနဲ့ ပစ္စည်းတွေကို အတင်းအဓမ္မသိမ်းယူတာ၊ အတင်းအဓမ္မခိုင်းစေတာတွေ ပြုလုပ်ခဲ့ပါတယ်။

ဒါအပြင် KNU တပ်မဟာ ၃ ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်၊ မုန်းမြို့နယ်နဲ့ ဆောထီးမြို့နယ်တွေအတွင်း စစ်ကောင်စီရဲ့တပ်တွေက အရပ်သားပြည်သူတွေ သွားလာရာမှာ စစ်ဆေးမေးမြန်းတာတွေ ပိုမိုလုပ်ဆောင်လာတာကြောင့် စားဝတ်နေရေးအတွက် လုပ်ငန်းခွင် သွားလာရာမှာ လွတ်လပ်မှုမရှိတဲ့အပြင် ဖမ်းဆီးခံရမှာကို  စိုးရိမ်ခဲ့ကြရပါတယ်။

အလားတူ KNU တပ်မဟာ ၅ မူတြော်ခရိုင် ဒွယ်လိုးမြို့နယ်၊ ဘူးသိုမြို့နယ်နဲ့ လူသောမြို့နယ်တွေအတွင်း စစ်ကောင်စီတပ်တွေနဲ့ BGF တပ်ရင်း ၁၀၁၂/၁၀၁၃/၁၀၁၄ တပ်တွေက အရပ်သားပြည်သူတွေရဲ့ ကျေးရွာတွေနဲ့ လုပ်ငန်းခွင်တွေအတွင်းကို နေ့စဉ်လက်နက်ကြီးတွေ ပစ်ခဲ့တဲ့အပြင် ရက် ၂၀ အတွင်း ဒွယ်လိုးမြို့နယ်နဲ့ လူသောမြို့နယ်တွေထဲကို စစ်ကောင်စီက လေကြောင်းကနေ ဗုံး ၇ လုံး ကြဲချခဲ့တယ်လို့ KNU က သတင်းထုတ်ပြန်ပါတယ်။

၂၀၂၁ ခုနှစ် မတ်လကစတင်ပြီး စစ်ကောင်စီနဲ့ BGF ပူးပေါင်းတပ်တွေက နယ်မြေကျော် စစ်ရေးလှုပ်ရှားမှုတွေ ပိုမိုလုပ်ဆောင်လာတဲ့အတွက် နှစ်ဖက်တိုက်ပွဲတွေ ပြင်းထန်လာတာဖြစ်ပြီး တိုက်ပွဲတွေကြောင့် နေအိမ်စွန့်ခွာပြီး စစ်ဘေးရှောင်ခိုလှုံနေရသူ စုစုပေါင်း ၁ သိန်းကျော်ရှိတယ်လို့ ကရင်ငြိမ်းချမ်းရေး အထောက်အကူပြုအဖွဲ့တာဝန်ရှိသူဆီက သိရပါတယ်။

https://burmese.dvb.no/archives/518959

--------------------------------------------------------------------------------

## ဘီးလင်းမြို့နယ်တွင် တစ်ရက်တည်း တိုက်ပွဲ ၂ ကြိမ် ဖြစ်ပွားပြီး စစ်ကောင်စီတပ်ဖွဲ့ ၅ ဦးသေဆုံး

**ဖေဖော်ဝါရီ ၂၅ ရက်၊ ၂၀၂၂ ခုနှစ်။ ကေအိုင်စီ**



Photo: knu (ပုံဟောင်း)

သထုံခရိုင် ဘီးလင်းမြို့နယ်တွင် ယမန်နေ့ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တစ်ရက်တည်း ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-KNLA (တပ်မဟာ ၁) နှင့် စစ်ကောင်စီတို့အကြား တိုက်ပွဲ (၂) ကြိမ်ဖြစ်ပွားခဲ့ရာ စစ်ကောင်စီတပ်ဘက်မှ ၅ ဦးကျဆုံးခဲ့သည်ဟု KNU ဘက်က ပြောသည်။

ဘီလင်းမြို့နယ် နတ်ကြီးကျေးရွာဘက်မှ ပြန်လာသည့် စစ်ကောင်စီတပ်ဖွဲ့ဝင်များအား နတ်ကြီးနှင့် မယ်ပလိရွာကြား၌ နံနက် ၉ နာရီတွင် တစ်ကြိမ်၊ ၁၀ နာရီခွဲခန့်တွင် တစ်ကြိမ် နယ်မြေခံ KNLA တပ်ဖွဲ့က စောင့်ကြိုပစ်ခတ်ခဲ့သည်ဟု KNU သထုံခရိုင် ဥက္ကဋ္ဌ ပဒိုစောစိုးမြင့်က ပြောသည်။

ပဒိုစောစိုးမြင့်က "ဒဏ်ရာရတဲ့ စစ်သားတွေကို သူတို့ ပြန်လာပို့တဲ့အချိန်မှာ တိုက်ပွဲဖြစ်တာ။ အခု တပ်မဟာ(၁)မှာ မြို့နယ်တိုင်းမှာ စစ်တပ်ဘက်က လှုပ်ရှားမှုများလာတယ်။ သတိနဲ့ နေဖို့ကိုတော့ ကိုယ့်နယ်မြေထဲကို ပြည်သူလူထုတွေကိုတော့ သတိပေးထားတယ်။ ကျိုက်ထိုမြို့နယ်မှာတော့ စစ်တပ်ဘက်က ပြန်ဆင်းပြီးတာနဲ့ နောက်တစ်ဖွဲ့ပြန် ထပ်ရောက်လာတယ်။ လှုပ်ရှားမှုတွေက ပုံမှန်ရှိတယ်။ " ဟု ကေအိုင်စီသို့ ပြောသည်။

အဆိုပါ တိုက်ပွဲဖြစ်ပွားမှုတွင် KNLA တပ်မဟာ ၁ တပ်ဖွဲ့ဘက်မှ ထိခိုက်ကျဆုံးခြင်းတစ်စုံ တစ်ရာမရှိကြောင်း ခရိုင်ဥက္ကဋ္ဌ ပဒိုစောစိုးမြင့်က ဖြည့်စွက်ပြောဆိုသည်။
ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၂၃ရက်နေ့ကလည်း KNU တပ်မဟာ(၅)ဘက်သို့ ရိက္ခာသွားရောက်ပို့ဆောင်ပြီး ကမမောင်းဘက်မှ ပြန်ဆင်းလာသည့် စစ်ကောင်စီတပ်ယာဉ်တန်းကို ဖားအံမြို့နယ်အရောက်တွင် နယ်မြေခံ KNLA တပ်ဖွဲ့က မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်ကား (၄)စီး ထိခိုက်ပျက်စီးခဲ့သေးသည်ဟု သထုံခရိုင်ဥက္ကဋ္ဌက ပြောသည်။

၎င်းအပြင် ယခုလ ဖေဖော်ဝါရီလ ၁ ရက်မှ ၂၀ရက်နေ့အထိ သထုံခရိုင် ကျိုက်ထိုနှင့်ဘီးလင်းမြို့နယ်တွင် နယ်ခြား စောင့်တပ် -BGF(၁၀၁၄) နှင့် စစ်ကောင်စီတပ်တို့သည် လူထုများနေထိုင်သည့် ကျေးရွာနှင့် လုပ်ကိုင်စား သောက်သည့် နေရာများသို့ လက်နက်ကြီးနှင့် ရမ်းသမ်းပစ်ခတ်မှုလုပ်ဆောင်သည့်အတွက် ဒေသခံ(၄) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု KNU ဗဟိုစည်းရုံးရေးနှင့် ပြန်ကြားရေးဌာနက ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါ နယ်မြေအတွင်း လှုပ်ရှားနေသည့် စစ်ကောင်စီတပ်နှင့် BGF တပ်ဖွဲ့ဝင်များသည် ဒေသခံ လူထုများအား ခြိမ်းခြောက်ကာ အတင်းအဓမ္မ ငွေတောင်းယူမှုများ၊ စားစရာများသိမ်းယူမှုများနှင့် အတင်းအဓမ္မလုပ်အားခိုင်းစေမှု များ စသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ လုပ်ဆောင်နေကြောင်းလည်း KNU ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

https://kicnews.org/2022/02/ဘီးလင်းမြို့နယ်တွင်-တစ်/

---------------------------------------------------------------------------------------

## လေးကေ့ကော်ဒေသ စစ်ဘေးရှောင်ပြည်သူ အိုမီခရွန် ကူးစက်ခံရမှု ဆက်လက်တိုးပွားနေ

**ဖေဖော်ဝါရီ ၂၅ ရက်၊ ၂၀၂၂ခုနှစ်။ ကေအိုင်စီ**



Photo: CJ

လေးကေ့ကော်ဒေသအတွင်း စစ်ဘေးရှောင်နေရသူ ပြည်သူများ အိုမီခရွန် ကူးစက်ခံရမှု ဆက်လက် တိုးပွားနေကြောင်း စစ်ဘေးရှောင် အကူအညီပေးနေသည့် အဖွဲ့အစည်း တာဝန်ရှိသူများက ကေအိုင်စီသို့ ပြောသည်။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်း ကူးစက်ခံရသူ ၁၈ဦး တွေ့ရှိသည့် ပလောတပို့ ဒေသတွင် နောက်ထပ် ၃ ဦး ထပ်မံ တွေ့ရှိသလို မယ်ထော်သလေးဘုန်းကြီးကျောင်းတွင်လည်း စစ်ပြေးရှောင်နေရသူများအနက် ၃၂ ဦး ကူးစက်ခံနေရကြောင်း ၎င်းတာဝန်ရှိသူက ယခုလိုပြောသည်။

၎င်းက "အရင် ၁၈ ယောက်တွေ့တဲ့ နေရာမှာ အခု နောက်ထပ် ၃ ယောက်ထပ်တွေ့တယ်။ ပြီးတော့ မယ်ထော်သလေး ဘုန်းကြီးကျောင်းမှာက မြဝတီဘက်ကလာစစ်ဆေးပေးတာ ၃၂ ယောက်တွေ့တယ်လို့ အသိပေးလာတယ်။ သူတို့ကျတော့ ပဟိကလောဒေသခံတွေ။" ဟု ကေအိုင်စီသို့ ပြောသည်။

လက်ရှိ ကူးစက်ခံရသူ ၅၃ ဦးရှိလာပြီးဖြစ်သော်လည်း ဆိုးဆိုးရွားရွား ရောဂါလက္ခဏာ ပြသမှုမရှိသလို သေဆုံးမှုအထိ ဖြစ်ပေါ်ခြင်းမရှိသေးကြောင်းလည်း ၎င်းတာဝန်ရှိသူက ဆက်ပြောသည်။



Photo: CJ

အိုမီခရွန် စစ်ဆေးတွေ့ရှိမှုများတွင် အသက်အရွယ်အစုံလိုက် ဖြစ်ပွားနေပြီး ၂နှစ် ၃ နှစ်အရွယ်ကလေးသူ ငယ်များလည်း ကူးစက်ခံနေရကာ လက်ရှိ ၎င်းကူးစက်ခံနေရသူများကို သီးသန့် နေရာချထားမှုများ ပြုလုပ်ပေးထားပြီး စစ်ဘေးရှောင်ဝင်းအတွင်း ဝင်ထွက်သွားလာမှု များကိုလည်း စစ်ဆေးမှုများ ပြုလုပ်ပေးကာ ကရင်ကျန်းမာရေး နှင့် ကယ်ဆယ်ရေးဌာန-KDHW မှ ကျန်းမာရေး စောင့်ရှောက်မှုကို

အဓိက တာဝန်ယူဆောင် ရွက်ပေးလျက်ရှိသည်။

လေးကော့ကော်ဒေသအတွင်း ယခုလ ဖေဖော်ဝါရီ ၁၅ ရက်နေ့မှစပြီး တကျော့ပြန် တိုက်ပွဲများ ပြန်လည် ဖြစ်ပွားနေသလို ရာသီအချိန်အခါမဟုတ် မိုးရွာသွန်းမှုများကြောင့်လည်း စစ်ဘေးရှောင်အများ အပြား ဖျား နာနေကြပြီး ၎င်းတို့နေရာထိုင်ခင်းများကိုလည်း ပြန်လည် ပြင်ဆင်မွမ်းမံပေးနေရကြောင်း တာဝန်ရှိသူများက ဆိုသည်။

အဆိုပါ တိုက်ပွဲနှင့် ကျန်းမာရေး ပြဿနာများကြောင့် စစ်ဘေးရှောင်များအကြား စိတ်ပိုင်ဆိုင်ရာ စိတ်ဓါတ်ကျ ဆင်းမှုများရှိနေသလို ၎င်းတို့၏ ယာယီနေရာထိုင်ခင်းများအတွက်လည်း ပြန်လည် ပြင်ဆင် မွမ်းမံရန် အကူအညီ အထောက်အပံ့များ လိုအပ်နေဆဲဖြစ်ကြောင်း စစ်ဘေးရှောင်ပြည်သူများကို အကူအညီပေးနေသူများက ဆိုသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ဖျားနာနေသူ စစ်ဘေးရှောင် ပြည်သူတစ်ဦးကို သက်ဆိုင်ရာ ကျန်းမာရေး အကူအညီပေးနေသူများမှ သံသယဖြင့်စစ်ဆေးရာတွင် အိုမီခရွန် ကူးစက်ခံရမှု တွေ့ရှိရပြီးနောက် ကျန်စစ်ဘေးရှောင် ပြည်သူများကို ဆက်လက်စစ်ဆေးကြည့်ရာ ကူးစက်ခံရသူ အရေအတွက် တိုးလာနေခြင်းဖြစ်သည်။

[https://kicnews.org/2022/02/လေးကော့ကော်ဒေသ-စစ်ဘေးရှေ/](https://kicnews.org/2022/02/လေးကော့ကော်ဒေသ-စစ်ဘေးရှေ/)

---------------------------------------------------------------------------------------

## ပူတာအို စစ်ရှောင်များ ရိက္ခာအရေးပေါ် လိုအပ်

သတင်းနှင့် မီဒီယာ ကွန်ရက်။ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၅ ရက်။




ပူတာအို စစ်ရှောင် ၁၀၀၀ ကျော်အတွက် ဆန်နှင့် အခြေခံစားသောက်ကုန်များ အရေးပေါ်လိုအပ်နေသည်ဟု ဒေသခံများက ပြောသည်။

မြန်မာနိုင်ငံမြောက်ဖျားပိုင်း၊ ပူတာအိုမြို့နယ်၊ ဆွမ်ပီယန်ကျေးရွာကို စစ်ကောင်စီက လေယာဥ်များဖြင့် နှစ်အကြိမ် ဗုံးလာကြဲခဲ့ပြီးနောက် ဒေသခံ ၁၀၀၀ ကျော်က စစ်ဘေးလွတ်ရာ တောတောင်များထဲ ထွက်ပြေးနေကြရပြီး ယခုခါ ဆန်နှင့် အခြေခံ စား သောက်ကုန်များ အရေးပေါ် အကူအညီ လိုအပ်နေသည်ဟု ဒေသခံများက ပြောသည်။

"ရွာကလူတွေ အကုန်လုံး ဒုက္ခရောက်နေပြီ။ အခုက စားဖို့သောက်ဖို့က အကုန် အရေးပေါ်လိုအပ်နေတယ်။ ရွာ က လူတွေက နဂိုက တခါတလေကြတော့ အိမ်မှာလာပြီး ဆန်တွေဘာတွေ လာယူတာ အခုတော့ လာမယူရဲ ကြ တော့ဘူး။ စပါးလည်း မကြိတ်ရဲကြတော့ဘူး။ ဆန်စားဖို့နဲ့ ထမင်းဟင်းက နည်းနည်း အရေးတကြီး လိုအပ်နေ တာ" ဟု ဆွမ်ပီယန်ကျေးရွာက တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဆွမ်ပီယန်ကျေးရွာအတွင်း စစ်ကောင်စီတပ်က ဖေဖော်ဝါရီလ ၃ ရက်နေ့ ညနေ ၄ နာရီကျော်အချိန်တွင် ပထမ အကြိမ် ဂျက်လေယာဥ် ၂စီး နှင့် ဗုံးကြဲခဲ့ပြီး ဖေဖော်ဝါရီလ ၂၂ ရက်နေ့ နံနက် ၁၀ နာရီအချိန်ခန့်တွင် ဒုတိယ အကြိမ် ဗုံးလာကြဲခဲ့သည်ဟု သိရသည်။

ပထမအကြိမ်ဗုံးကြဲ တိုက်မှုကြောင့် နေအိမ်အချို့ မီးလောင်ကာ ဒေသခံများ ထွက်ပြေးခဲ့ရပြီး အသက် ၁၂ နှစ် အရွယ်နှင့် အသက် ၅၀ ကျော်အမျိုးသမီးနှစ်ဦးတို့ အပါအဝင် အသက် ၁၈ နှစ်အရွယ် အမျိုးသားတစ်ဦးတို့ ထိ ခိုက်ဒဏ်ရာများရရှိခဲ့ရာ မြစ်ကြီးနားဆေးရုံသို့ ပို့ဆောင်ပြီး ဆေးကုသခဲ့ရသည်။

ထို့အပြင် ဆွမ်ပီယန်ကျေးရွာနှင့် ၃မိုင်ခန့်ဝေးသည့် ရှင်ကပ်(ဘွမ်)တောင်ရှိ စစ်ကောင်စီတပ်စခန်းကို ကချင် လွတ် လပ်ရေးတပ်မတော် KIA နှင့် PDF တပ်ဖွဲ့တို့က တိုက်ခိုက်ခဲ့သည့်အတွက် လေကြောင်းပစ်ကူဖြင့် ထပ်မံ

လာ ရောက်တိုက်ခိုက်ရာ ဆွမ်ပီယန်ရွာသားများ ဒုတိယအကြိမ် ပြန်လည်ထွက်ပြေးနေကြရခြင်း ဖြစ်သည်ဟု ဒေသ ခံများနှင့် တာဝန်ရှိသူများက ဆိုသည်။

ယခုနှစ်အတွင်း ကချင်ပြည်နယ်အတွင်း KIAနှင့် PDF ပူးပေါင်းတပ်ဖွဲ့တို့နှင့် စစ်ကောင်စီတပ်တို့အကြား ထိတွေ့ တိုက်ပွဲများ ပိုမိုပြင်းထန်လာပြီး ပူတာအိုမြို့နယ်အတွင်းရှိ လုံရှာယန်ကျေးရွာ၊ အင်စီယန်ကျေးရွာနှင့် ဖတ်မာ ကျေးရွာ၊ ဆွမ်ပီယန်ကျေးရွာ၊ တန်ဂျာကျေးရွာတို့ အနီးအနားတွင် တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားနေသည်။

အဆိုပါ တိုက်ပွဲများကြောင့် ဒေသခံရွာသားများက စစ်ဘေး ဘေးလွတ်ရာ တောတောင်များထဲနှင့် ပူတာအိုမြို့ ပေါ်ရှိ ဆွေမျိုးနီးစပ်သူများထံ ထွက်ပြေးတိမ်းရှောင်နေရပြီး လက်ရှိတွင် အခြေခံစားသောက်ကုန်များ အရေး ပေါ်လိုအပ်နေခြင်း ဖြစ်သည်ဟု စစ်ရှောင်များအား ကူညီပေးနေသူများနှင့် ဒေသအတွင်းက တာဝန်ရှိသူများက ပြောသည်။

https://www.nmg-news.net/2022/02/25/17924

------------------------------------------------------------------------------------------

## လေကြောင်းဗုံးကြဲမှုကို စိုးရိမ်သဖြင့်ပူတာအို၊ လုံရှာယန်ကျေးရွာသားများ ရွာလုံးကျွတ် တိမ်းရှောင်

Published By DVB | 25 February, 2022



ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်၊ လုံရှာယန်ကျေးရွာက ပြည်သူတွေဟာ စစ်ကောင်စီတပ်က လေကြောင်း၊ လက်နက်ကြီးတွေနဲ့ ဗုံးကြဲတိုက်ခိုက်မှာကို စိုးရိမ်တာကြောင့် ရွာလုံးကျွတ် တောတောင်တွေမှာ တိမ်းရှောင်နေရတယ်လို့ ရွာသားတွေထံက သိရပါတယ်။

ဖေဖော်ဝါရီ ၁၅ ရက်နေ့က ဖြစ်တဲ့ တိုက်ပွဲတွေကြောင့် ဒေသခံရွာသားတချို့က တောတောင်တွေထဲမှာ တိမ်းရှောင်နေခဲ့ပေမဲ့ လွန်ခဲ့တဲ့တစ်ပတ်လောက်ကစပြီး တစ်ရွာလုံးတောတောင်တွေမှာ တိမ်းရှောင်နေကြရတာပါ။

တိုက်ပွဲရှောင် ဒေသခံရွာသား တဦးက "တိုက်ပွဲစဖြစ်တော့ တချို့တွေပဲပြေးကြတာ၊ တောထဲမှာနေလိုက် တိုက်ပွဲမဖြစ်ရင် အိမ်ပြန်လာလိုက်ပေါ့။ အခုတော့ တစ်ရွာလုံး တောထဲမှာ ပုန်းနေကြတယ်။ သတင်းတွေအမျိုးမျိုးကြားလို့ပေါ့။ လက်နက်ကြီးတွေ၊ လေယာဉ်တွေနဲ့ လာပစ်မှာကြောက်လို့ ဟုတ်တယ်။ စစ်တပ်က တချို့လူတွေကို ရှောင်ခိုင်းသလို၊ အလံဖြူတွေထောင်ဖို့ ပြောသံတွေကော ကြားတယ်။ သတင်းက အမျိုးမျိုးပဲ၊ အဲတာကြောင့် ရှောင်နေကြတာ"လို့ ပြောပါတယ်။

လုံရှာယန်က ပြည်သူတွေထဲက ပူတာအိုမြို့ကို တိမ်းရှောင်သူတွေလဲရှိပါတယ်။ တချို့သော အိမ်ထောင်စုတွေက မြစ်ကြီးနားမြို့ကို တိမ်းရှောင်ဖို့ရှိပေမဲ့ မြစ်ကြီးနား-ပူတာအိုလမ်းပိတ်နေသေးတာကြောင့် အခက်အခဲဖြစ်နေတယ်လို့ ရွာခံတွေကနေ သိရပါတယ်။

တိုက်ပွဲတိမ်းရှောင်နေတဲ့ ပြည်သူတွေဟာ လတ်တလော စားသောက်ဖို့ စာနပ်ရိက္ခာရှိသေးပေမဲ့ ရေရှည်အတွက်တော့ လောက်မှုမရှိဘူးလို့ ပြောပါတယ်။

လုံရှာယန်ကျေးရွာဟာ အိမ်ထောင်စု ၉၀၀ လောက် ဝန်းကျင်ရှိတဲ့ ကျေးရွာဖြစ်ပြီး အခုအချိန်မှာ လူဦးရေ ၂၀၀၀ လောက် တောတောင်တွေမှာ တိမ်းရှောင်နေကြဖြစ်ပါတယ်။ လုံရှာယန်ကျေးရွာဟာ ပူတာအိုကနေ မိုင် ၂၀ ကျော် ကွာဝေးတဲ့ ကျေးရွာဖြစ်ပါတယ်။

ပူတာအိုမြို့နယ်က ဆွမ်ပီယန်ကျေးရွာကို ဖေဖော်ဝါရီ ၃ ရက်နေ့က စစ်ကောင်စီလေတပ်က လေကြောင်းနဲ့ ဗုံးကြဲတိုက်ခိုက်တာတွေကြောင့် ပြည်သူတွေထိခိုက်ခဲ့သလို နေအိမ်တွေလည်း ပျက်စီးခဲ့ပါတယ်။

https://burmese.dvb.no/archives/519006

------------------------------------------------------------------------------------------

## သျှမ်းပြည်အတွင်း စစ်ကောင်စီ စစ်ဆေးရေးဂိတ် တိုးချဲ့ဖွင့် ပိုက်ဆံပိုကောက်လာ

By SHAN - February 25, 2022

စစ်အာဏာသိမ်းပြီးနောက်ပိုင်း သျှမ်းပြည်အတွင်း မြို့နယ်များတွင် စစ်ကောင်စီသည် စစ်ဆေးရေးဂိတ်များကို တိုးချဲ့ဖွင့်လှစ်ပြီး ပိုက်ဆံကောက်ယူနေလျက်ရှိကြောင်း စုံစမ်းသိရှိရသည်။



အဆိုပါ ဂိတ်များသည် အာဏာသိမ်းပြီးနောက်ပိုင်း ထွက်ပေါ်လာပြီး ကားသမား၊ ကုန်တင်ကားများ၊ ခရီးသည်တင်ကားများကို မှတ်ပုံတင်၊ ယာဉ်မောင်းလိုင်စင် စသည်တို့ကို စစ်ဆေးပြီး ငွေကောက်ခံယူနေလျက်ရှိကြောင်း သိရသည်။

"ဒီဂိတ်တွေက အာဏာသိမ်းပြီး နောက်ပိုင်းမှာပဲ ထွက်ပေါ်လာတာ။ ကားပြေးဆွဲတဲ့ လိုင်းကားတွေဆိုရင်လည်း သူတို့တောင်းတယ်။ မှတ်ပုံတင်တွေလည်း စစ်တယ်။ ပိုက်ဆံမပေးဘူးဆိုရင်လည်း ရစ်တာတွေရှိတယ်။ အာဏာသိမ်းပြီးတော့ သူတို့ ကြိုက်သလိုလုပ်တာပေါ့" ဟု ကိုယ်တိုင်ကြုံတွေ့ရသည့် မူဆယ်ဒေသခံ အမျိုးသားတစ်ဦးက ပြောသည်။

ယခင် NLD အစိုးရလက်ထက်တွင် စစ်ဆေးရေးဂိတ်များရှိသော်လည်း ပြည်သူများဘက်မှ ပြန်ခြေပြောဆိုနိုင်ခဲ့သော်လည်း လက်ရှိတွင် ပြည်သူတွေက ငြင်းပိုင်ခွင့်မရှိကြောင်း သိရသည်။

"အရင်ကတော့ လဝကလား ဘယ်ဌာနက လာစစ်ဆေးတာလည်းဆိုတာ မေးမြန်းလို့ရသေးတာပေ့ါ။ အခု အာဏာက သူတို့ လက်ထဲ အကုန်ရောက်သွားတော့ ဘာမှပြန်ပြောလို့မရဘူး။ ကျနော်တို့ မူဆယ်ဘက်မှာဆိုရင် တရုတ်မျက်နှာပေါက်ရင် မှတ်ပုံတင်တောင်းပြီး မရှိရင် သူတို့က ယွမ် ၁၀၀ လောက်တောင်းတယ်" ဟု မူဆယ်ဒေသခံ အမျိုးသားက ဆိုသည်။

မူဆယ်မြို့နယ်တွင် နမ့်ခမ်း – မူဆယ်လမ်းကြား နမ့်ပန်ဂိတ်တွင် တစ်ခု၊ လားရှိုး – မူဆယ် လမ်းကြားတွင် တစ်ခု စစ်ဆေးပြီး ငွေကောက်ယူနေလျက်ရှိကြောင်း သိရသည်။

ထို့အပြင် သျှမ်းပြည်တောင်ပိုင်း ပင်လုံမြို့ဘက်တွင်လည်း နေ့၊ ည လမ်းသွားလာသူများကို စစ်ကောင်စီ အုပ်စုမှ ငွေကြေးကောက်ခံမှု ပြုလုပ်နေကြောင်း သိရသည်။

"အခုက အပြင်ထွက်လည်း စိတ်ပူရတယ်။ ဘယ်သွားသွား မလွတ်လပ်ဘူး။ ညအပြင်သွားရင် စစ်ကောင်စီက ပိုက်ဆံတောင်းတာခံရတယ်။ ဟိုနေ့က ပင်လုံဂိတ်မှာဆိုရင် ၃ ထောင်လောက်တောင် တောင်းတယ်။ ညအချိန်ဆိုရင် သူတို့ကို ပိုပေးရတာ။ အရေးကြီးကိစ္စမရှိရင် မထွက်တော့တာ" ဟု ပင်လုံမြို့ ဒေသခံ အမျိုးသမီးတစ်ဦးက ပြောသည်။

အလားတူ ယခုအချိန်တွင် ဒေသခံ ပြည်သူများက အပြင်ထွက်သွားလာပါက ပိုက်ဆံ ၁၀၀၀ အထက် အမြဲယူဆောင်သွားနေရကြောင်း၊ စစ်ကောင်စီတပ်များသည် မြို့ဝင်ဂိတ်တစ်ခုထဲ စစ်ဆေးမှုပြုလုပ်နေတာမဟုတ်ဘဲ လမ်းကြိုလမ်းကြားတွင် စစ်ဆေးမှု ပြုလုပ်လျက်ရှိကြောင်း သိရသည်။

"အပြင်တစ်ခါထွက်ရင် အနည်းဆုံးတော့ ပိုက်ဆံ ၁၀၀၀ ရှိရတော့မယ်။ စစ်ကောင်စီတွေက မြို့ဝင်ထွက်ဂိတ်တွေမှာဘဲ စောင့်နေတာမဟုတ်ဘူး။ ခိုလမ် နမ့်စန်ကြားဆိုရင် ၄ နေရာလောက်ရှိတယ်။ မှတ်ပုံတင်တွေကော တောင်းကြည့်တယ်။ ပိုက်ဆံလည်းတောင်းတယ်။ ၂၀၀ ပေးရင်လည်း မယူချင်ဘူး။ ၅၀၀ အထက် ပေးနေရတာ" ဟု ကားဆရာ အမျိုးသမီးတစ်ဦးက ပြောသည်။

စစ်တပ်က အာဏာသိမ်းယူပြီးနောက်ပိုင်း မြန်မာနိုင်ငံတွင် တရားဥပဒေ စိုးမိုးမှုမရှိတော့ဘဲ စစ်ကောင်စီများက ကြိုက်သလို ပြည်သူအပေါ်အုပ်ချုပ်နေသောကြောင့် ဒေသခံများက ခက်ခဲသထက် ပိုမိုခက်ခဲလာကြသည်။

https://burmese.shannews.org/archives/27134

------------------------------------------------------------------------------------------

## လဲချားမြို့နယ် စစ်ရှောင် စိုးရိမ်စိတ်ဖြင့်နေရပ်ပြန်

By SHAN - February 25, 2022

သျှမ်းပြည်တောင်ပိုင်း လဲချားမြို့နယ် ဝမ်ယိမ်းကျေးရွာအုပ်စုတွင် ဒေသခံ တချို့ စိုးရိမ်စိတ်ဖြင့် နေရပ်သို့ ပြန်လာနေပြီဖြစ်ကြောင်း စုံစမ်းသိရှိရသည်။




ဝမ်းယိမ်းကျေးရွာ

မြောက်ပိုင်းမဟာမိတ်တပ်ဖွဲ့ နှင့် RCSS တို့ စစ်ရေးတင်းမာသဖြင့် ဖေဖော်ဝါရီ (၁၉)ရက်တွင် လဲချားမြို့နယ် ဝမ်ယိမ်းကျေးရွာအုပ်စုမှ ဒေသခံ ပြည်သူများသည် တိုက်ပွဲဖြစ်ပွားမည်ကို စိုးရိမ်သဖြင့် ထွက်ပြေးတိမ်းရှောင်ခဲ့ ကြောင်း သိရှိရသည်။

"ပြန်လာတဲ့သူတွေတော့ရှိတယ်။ အကုန်တော့ မလာသေးဘူး။ ခုလက်ရှိ အခြေနေတော့ ဘာမှမဖြစ်ဘူး။ အခြေအနေကောင်းလို့ လာတယ်ဆိုတာလည်း မဟုတ်ဘူး။ အလုပ်ပြန်လာလုပ်ဖို့ရှိလို့ ပြန်လာတာ။ တိုက်ပွဲဖြစ်မှာကိုတော့ စိုးရိမ်တာပေါ့" ဟု နေရပ်သို့ ပြန်လာသည့် အမျိုးသမီးတစ်ဦးက ပြောသည်။

ဝမ်ယိမ်းကျေးရွာအုပ်စုအတွင်း မြောက်ပိုင်းမဟာမိတ်တို့ ရောက်ရှိလာသဖြင့် ဒေသခံများ တိုက်ပွဲဖြစ်ပွားမည်ကို စိုးရိမ်စိတ်ဖြင့် ပင်လုံမြို့ရှိ ဆွေမျိုး မိတ်ဆွေအိမ်များဆီသို့သော်လည်းကောင်း၊ အိမ်ငှားဖြင့်သော်လည်းကောင်း သွားရောက် တိမ်းရှောင်ခဲ့ကြသည်။

"အခုက ကတော့ တိုက်ပွဲဖြစ်မှာကြောက်ရတာပေါ့နော်။ ခုက မြောက်ပိုင်းမဟာမိတ်တွေလည်း ရှိတယ်။ အာစီဘက်လည်း ရှိနေတယ်ဆိုတော့ ထိတွေ့မှုရှိရင် တိုက်ပွဲကတော့ ဖြစ်မှာပဲ။ လူကြီး နဲ့ ကလေးတွေတော့ မလာရဲသေးဘူး" ဟု ထွက်ပြေးတိမ်းရှောင်ရင်း နေရပ်သို့ ပြန်လာသူ အမျိုးသားတစ်ဦးက ပြောသည်။

လက်ရှိ မြောက်ပိုင်းမဟာမိတ်တပ်ပေါင်းစုတို့သည် ဝမ်ယိမ်းဘုန်းကြီးကျောင်းတွင် ရှိနေကြောင်း စုံစမ်းသိရှိရသည်။
မြောက်ပိုင်းမဟာမိတ် နှင့် RCSS တို့သည် မိုင်းကိုင်မြို့နယ်အတွင်းသို့ တိုက်ပွဲပြင်းထန်ခဲ့ပြီး ယခုရက်ပိုင်းတွင် လဲချားမြို့ နှင့် ပင်လုံမြို့ကြားရှိ ကျေးရွာတချို့သို့ စစ်မီးကူးစက်လာမည်ကို ဒေသခံများ စိုးရိမ်ခဲ့ကြသည်။

https://burmese.shannews.org/archives/27137

------------------------------------------------------------------------------------------

## ကမ္ဘာ့နိုင်ငံများ လွတ်လပ်မှုစာရင်း မြန်မာအဆင့် လွန်စွာ ကျဆင်း

၂၂ ဖေဖော်ဝါရီ ၂၀၂၂

ကမ္ဘာတလွှား လွတ်လပ်မှုဆိုင်ရာ စောင့်ကြည့် မှတ်တမ်းတင်တဲ့ အမေရိကန်အခြေစိုက် Freedom House အဖွဲ့ကြီးရဲ့ ဖေဖော်ဝါရီ ၂၄ ရက် ထုတ်ပြန်တဲ့ ၂၀၂၂ ခုနှစ်အတွက် ကမ္ဘာတလွှား လွတ်လပ်မှုဆိုင်ရာ အစီရင်ခံစာမှ မြန်မာနိုင်ငံရဲ့ လွတ်လပ်မှုဟာ ဆိုးဆိုးဝါးဝါး ကျဆင်းလာနေပြီး အခု ၉ ရာခိုင်နှုန်းပဲ ရှိတော့တယ်လို့ ဖော်ပြထားပါတယ်။

မြန်မာနိုင်ငံမှာ ဒါဇင်နဲ့ချီတဲ့ အစိုးရအရာရှိတွေကို ဖမ်းဆီးပြီး ၂၀၂၀ ရွေးကောက်ပွဲအနိုင်ရ လွှတ်တော်အမတ်တွေ လွှတ်တော်ခေါ်ယူခွင့် မရအောင် မနှစ်က ဖေဖော်ဝါရီမှာ စစ်တပ်အာဏာသိမ်းခဲ့ ချိန်ကစပြီး ရှေ့မတိုးနောက်မဆုတ်ဖြစ်နေတဲ့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီ အကူးအပြောင်းဟာ လုံးဝ လမ်းကြောင်းပြောင်းသွားခဲ့တယ်လို့ သုံးသပ်ထားပါတယ်။

နိုင်ငံတလွှား ဒီမိုကရေစီရေး တောင်းဆို ဆန္ဒပြမှုတွေနဲ့အတူ အကြမ်းမဖက် အာဏာဖီဆန်တဲ့ CDM လှုပ်ရှားမှုတွေကို စစ်တပ်က အကြမ်းဖက်ဖြိုခွဲမှုတွေ တနစ်ပတ်လုံး တွေ့နေရတဲ့အပြင် စစ်တပ်နဲ့ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့တွေကြား တိုက်ပွဲတွေလည်း ဆက်လက်ဖြစ်ပွါးနေတယ်လို့ပြောပါတယ်။

မြန်မာနိုင်ငံရဲ့ အင်တာနက် လွတ်လပ်ခွင့်ကလည်း အနိမ့်ဆုံးအဆင့်ကို ရောက်နေတယ်လို့ မနှစ်က စက်တင်ဘာမှာ Freedom House အဖွဲ့က အစီရင်ခံစာ ထုတ်ပြန်ခဲ့တာပါ။

ကမ္ဘာ့နိုင်ငံနဲ့ နယ်မြေစုစုပေါင်း ၂၁၀ မှာ နေထိုင်သူတွေရဲ့ နိုင်ငံရေးနဲ့ လူမှုလွတ်လပ်ခွင့်ဆိုင်ရာ Freedom House ရဲ့ အစီရင်ခံစာထဲမှာ မြန်မာနိုင်ငံအတွက် ၂၀၂၁ ခုနှစ်က လွတ်လပ်မှုဟာ ၁၀၀ မှာ ၂၈ ရှိခဲ့ရာကနေ အခု ၂၀၂၂ မှာတော့ ၉ အထိ ကျဆင်းသွားတယ်လို့ ဖေါ်ပြထားပါတယ်။

ကမ္ဘာတလွှား လွပ်လပ်မှုစံဟာ ၁၆ နှစ် ဆက်တိုက် ကျဆင်း လာနေတာတွေ့ရပြီး ဒီမိုကရေစီအတွက် ခြိမ်းခြောက်မှုတွေ ဖြစ်လာနေကြောင်းနဲ့ ၂၀၂၁ အတွင်း လွတ်လပ်မှုဆိုင်ရာ တိုးတက်လာတဲ့ နိုင်ငံ ၂၅ နိုင်ငံရှိနေပေမယ့် မြန်မာအပါအဝင် နိုင်ငံပေါင်း ၆၀ မှာ ကျဆင်း လာတယ်လို့ ပြောပါတယ်။

ကမ္ဘာ့လူဦးရေ ၂၀ ရာခိုင်နှုန်းဟာ လွတ်လပ်တဲ့နိုင်ငံတွေမှာ နေနေရပေမယ့်၊ ၃၈ ရာခိုင်နှုန်းက လွတ်လပ်မှု မရှိတဲ့ နိုင်ငံတွေမှာ နေနေကြရတာကြောင့် ဒါဟာ ၁၉ ၉ ၇ ခုနှစ်က စပြီး အများဆုံးဖြစ်နေ ကြောင်းလည်း ဖေါ်ပြထားပါတယ်။

မြန်မာနိုင်ငံအပြင် တရုတ်၊ မြောက်ကိုရီးယား၊ တောင်ဆူဒန်နဲ့ ဆီးရီးယားလို နိုင်ငံတွေမှာ ၁၀ ရာခိုင်နှုန်းအောက်ပဲ လွတ်လပ်ခွင့်ရှိနေချိန်မှာ ဖင်လန်နဲ့ နော်ဝေနိုင်ငံတွေကတော့ ၁၀၀ ရာနှုန်းပြည့် လွတ်လပ်မှု ရှိကြောင်း ဖေါ်ပြထားပါတယ်။

https://burmese.voanews.com/a/6457901.html

---